www.facebook.com/themyawadydaily


# ရတနာပုံ

yadanabonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၁၀) ရက် ၊ သောကြာနေ့ ၊ (21-4-2017) ၊ အတွဲ(၂၅) ၊ အမှတ် (၃၅၀)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံရှိ ရိုတာဒမ်ဆိပ်ကမ်းကို လှည့်လည်ကြည့်ရှု

စာမျက်နှာ - ၁၆

# အလုပ်သမား၊ ငွေကြေး၊ အသိပညာနှင့် ဥပဒေပိုင်းဆိုင်ရာ အားနည်းမှုများကြောင့် မန္တလေးမြို့ရှိ လုပ်ငန်းငယ်များ မကြီးထွားနိုင်ဘဲဖြစ်နေ

မန္တလေး ဧပြီ ၂၀

မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် လက်ရှိကာလတွင် အလုပ်သမားပြဿနာ၊ ငွေကြေးလိုအပ်မှု၊ စီးပွားရေးအသိပညာနည်းပါးမှုနှင့် ဥပဒေပိုင်းဆိုင်ရာ အားနည်းမှုတို့ကြောင့် လုပ်ငန်းငယ်များ မကြီးထွားနိုင်ဘဲ ဖြစ်နေသည်ဟု AAT Business Park တည်ထောင်သူ ဒေါ်အေးအေးသန့်က ပြောပြသည်။

စီးပွားရေးယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ပြည်တွင်းရှိ လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမှာ အရေးပါသည်ဟု ၎င်းကဆက်လက်ပြောပြသည်။ လက်ရှိတွင် multinational corporation များဖြစ်သည့် ကိုကာကိုလာ၊ ယူနီလီဗာကုမ္ပဏီတို့ကဲ့သို့ ပြည်ပလုပ်ငန်းကြီးများမှ အလုပ်အကိုင်များပေးလျက်ရှိသော်လည်း ၎င်းတို့မှာ စုစုပေါင်းအလုပ်အကိုင်၏ နှစ်ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ လုပ်ငန်းများမှာ အင်အားကြီးလုပ်ငန်းများ ဝင်ရောက်လာချိန်တွင် ငွေကြေးယှဉ်ပြိုင်နိုင်စွမ်းနည်းပါးခြင်း၊ ကျွမ်းကျင်လုပ်သားများကို မက်လုံးပေးခေါ်ဆောင်ခံရခြင်းတို့ကြောင့် Lavour Market အခက်အခဲများဖြစ်လာရကြောင်း သိရသည်။ ထို့ပြင် ထုတ်ကုန်ပစ္စည်းများအတွက် ဈေးကွက်ရှာဖွေနိုင်စွမ်း နည်းပါးခြင်း၊ စာမျက်နှာ ၁၈ ကော်လံ ၄ ❑



ပြည်တွင်း SME လုပ်ငန်းတစ်ခုကို တွေ့ရစဉ်။

| မြို့ | အနိမ့်ဆုံးအပူချိန် | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၈°C |
| ရန်ကုန် | ၂၄°C | / | ၃၅°C |
| မန္တလေး | ၂၄°C | / | ၃၇°C |

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာနှင့် ရွှေဈေးကွက်တို့ကို တရားဝင်ရောင်းချနိုင်ရန် ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုပေးမည်

စာမျက်နှာ - ၂၂






စည်းကမ်းသည် လူ၏ တန်ဖိုး

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



ရတနာပုံ

၂၀၁၇ ခုနှစ် ဧပြီ ၂၁ ရက်

အယ်ဒီတာ့အာဘော်

# နွေဥတုနှင့် ဝက်သက်ရောဂါ

ဝက်သက်ရောဂါသည် နွေဥတုပူပြင်းသောကာလတွင်အဖြစ်များသည်။ ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရပြီး ရောဂါရှင်ထံမှ နှာမွန်ခြင်း၊ ချောင်းဆိုးခြင်း၊ စကားပြောခြင်းတို့ကြောင့် လေထဲသို့ရောက်ရှိလာသော ဗိုင်းရပ်စ်ပိုးများကို ရှူရှိုက်မိရာမှ ကူးစက်သောရောဂါဖြစ်သည်။ များသောအားဖြင့် ကလေးငယ်များတွင် အဖြစ်များသည်။

အသက်အရွယ်အပိုင်းအခြားအနေဖြင့် ပျမ်းမျှခြောက်လသားမှ နှစ်နှစ်သားအရွယ်တို့တွင် အဖြစ်များသည်။ ကလေးငယ်တို့၏ကျန်းမာရေးအခြေခံဓာတ်နှင့် အစာအာဟာရချို့တဲ့လျှင် ပိုမို၍ရောဂါဝေဒနာခံစားရနိုင်သည်။ ဝက်သက်ရောဂါသည် ရောဂါပိုးစတင်ဝင်ရောက်ချိန်မှ ရောဂါလက္ခဏာများပေါ်ပေါက်ချိန်ထိ ခုနစ်ရက်မှ ၁၄ရက်ထိ ကြာတတ်သည်။

ဝက်သက်ရောဂါ၏လက္ခဏာကိုကြည့်မည်ဆိုလျှင် ကလေးငယ်တစ်ဦးအနေဖြင့် ရုတ်တရက်ဖျားလာပြီး အဖျားဒီဂရီ ၁၀၃မှ၁၀၅အတွင်း ဖြစ်လာတတ်သည်။ ထို့ပြင် နှာမွန်ခြင်း၊ ချောင်းဆိုးခြင်း၊ အစာမစားခြင်း၊ နို့စို့အရွယ်ကလေးများ၌ နို့မစို့ခြင်းတို့ဖြစ်ပေါ်တတ်သည်။ ထိုအချိန်တွင် ကလေးငယ်၏ပါးစပ်ကို ဟကြည့်ပါက နှုတ်ခမ်းနှင့်လျှာတွင် အဖြူကွက်လေးများကို တွေ့ရပါလိမ့်မည်။ နောက်သုံးရက်၊ လေးရက်ခန့်ကြာလျှင် အနီပြောက်လေးများအဖြစ် ပြောင်းသွားပြီး မျက်နှာတွင်လည်း အနီပြောက်အဖုအပိမ့်များပေါ်လာမည်ဖြစ်သည်။

ဝက်သက်ရောဂါဖြစ်နေသော ကလေးကို အိပ်ရာထဲတွင် အနားယူစေခြင်း၊ အဖျားဒီဂရီ ၁၀၃ အထက်ရှိလျှင် ရေပတ်တိုက်ပေးခြင်း၊ ရေပတ်တိုက်ပေးနေသော်လည်း အဖျားမကျပါက နီးစပ်ရာဆရာဝန်နှင့်ပြသ၍ ဆရာဝန်၏ကုသမှုခံယူရမည်ဖြစ်သည်။ ထို့ပြင် နောက်ဆက်တွဲရောဂါများ ဝင်ရောက်မှုမရှိစေရန် အထူးသတိပြုကြရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ၂၀၀၀-၂၀၀၈ခုနှစ်အတွင်း ဝက်သက်ရောဂါကြောင့် သေဆုံးသူဦးရေ ၇၈ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကြေညာထားသည်။ သို့သော် ဝက်သက်ရောဂါကြောင့် ကလေးဦးရေ ၄၅၀ခန့်နေ့စဉ်သေဆုံးနေကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ခြုံကြည့်လျှင် ၂၀၀၈ခုနှစ်အတွင်း ဝက်သက်ရောဂါကြောင့် သေဆုံးရသည့် ကလေးဦးရေ လေးဦးအနက် သုံးဦးသည် အိန္ဒိယနိုင်ငံမှ ကလေးများဖြစ်ကြောင်း WHO၏ တရားဝင်ထုတ်ပြန်ထားသော အစီရင်ခံစာအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ခုနှစ်က ဝက်သက်ကင်းစင်သော နိုင်ငံဖြစ်စေရေးအတွက် ပြည်သူ့ကျန်းမာရေးလှုပ်ရှားမှုတစ်ခုအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များကို အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ နွေဥတုကာလတွင် ဖြစ်ပွားတတ်သောဝက်သက်ရောဂါကို ဖြစ်ပွားသည့်အချိန်မှ ကုသခြင်းထက် မဖြစ်မီကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ မိဘများအနေဖြင့် ကလေးငယ်များတွင် ဝက်သက်ရောဂါနှင့်ပတ်သက်သော လက္ခဏာများကို အထူးဂရုပြု၍ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော စီမံချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

# ကျောက်ဆည်မြို့နယ်တွင် သိန်း ၆၀၀၀ခန့် ကုန်ကျသည့် အလုံပိတ်၊အအေးပိတ်စက်ရုံစနစ်ဖြင့် ဥစားကြက်များစတင်မွေးမြူ



**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သိန်း ၆၀၀၀ခန့်ကုန်ကျသည့် အလုံပိတ်၊ အအေးပိတ်စက်ရုံစနစ်ဖြင့် ဥစားကြက်များကိုစတင်မွေးမြူနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အလုံပိတ်၊အအေးပိတ်စက်ရုံစနစ် ဥစားကြက်မွေးမြူရေးအတွက် လိုအပ်သော စက်ကိရိယာနှင့်ပစ္စည်းများကို ဂျာမနီနိုင်ငံမှ ဝယ်ယူတပ်ဆင်ခဲ့ခြင်းဖြစ်ပြီး ကြက်အကောင်ရေ ၂၀၀၀၀ မွေးမြူနိုင်သည့် စက်ရုံတစ်ရုံအတွက် ငွေကျပ်သိန်း၃၀၀၀ ခန့် ကုန်ကျပြီး နှစ်ရုံမွေးမြူထားသောကြောင့် ငွေကျပ်သိန်း ၆၀၀၀ ခန့်ကုန်ကျကြောင်း သိရသည်။

အဆိုပါ အလုံပိတ်၊အအေးပိတ်စက်ရုံစနစ် ကြက်မွေးမြူရေးရုံနှစ်ခုသည် ကျောက်ဆည်မြို့နယ် ကျောက်ဆည်မြို့တောင်ဘက်ရှိ တောတွင်ကျေးရွာတွင်ရှိပြီးသကြိန်မတိုင်မီကစတင်ကာ မွေးမြူရေးလုပ်ငန်းရှင် ၃၀ကျော် ပူးပေါင်းဖွဲ့စည်းထားသော မန္တလေးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ဥစားကြက်များထည့်သွင်းမွေးမြူနေခြင်းဖြစ်သည်။

အဆိုပါ အလုံပိတ်၊အအေးပိတ်စက်ရုံစနစ်ဖြင့် ဥစားကြက်မွေးမြူခြင်းကြောင့် ကြက်အကောင်ရေ ၂၀၀၀၀ရှိရုံတစ်ခုအတွက် လူနှစ်ဦးခန့်သာလိုအပ်မည်ဖြစ်ပြီး စက်ပစ္စည်းများကသာအလိုအလျောက်ဆောင်ရွက်ပေးကြောင်း သိရသည်။

“ဒီမွေးမြူရေးစနစ်ကအားလုံး Automatic နဲ့သွားတာပါ။ကြက်ဥလဲ လူကခြံထဲလိုက်ကောက်စရာမလိုဘူး။တစ်နေရာတည်းကိုဆင်းလာတာ လူကယူရုံပဲ။ ရာသီဥတုအလိုက် ကြက်တွေအတွက်လိုအပ်တဲ့ အပူချိန်၊အအေးချိန်တွေကို ထိန်းသိမ်းပြုပြင်ပေးလို့ရပါတယ်။ ကြက်စာတို့ ရေတို့ကျွေးမွေးတာ၊ ကြက်ချေးတွေ ရယူတာကအစ အကုန်လုံး Automatic စနစ်နဲ့ ခလုတ်လေးတွေနှိပ်လိုက်ရုံပါပဲ”ဟု မန္တလေးတိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာကျော်ထင် က ပြောပြသည်။

အဆိုပါ အလုံပိတ်၊အအေးပိတ်စနစ်ကြက်မွေးမြူခြင်းသည် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု၊အနံ့အသက်ဆိုးရွားမှုများ မခံစားစေရဘဲ ကြက်ငှက်တုပ်ကွေးကာကွယ်ရေးအတွက် ဇီဝလုံခြုံမှုလည်းရှိကြောင်း သိရသည်။

အဆိုပါ အလုံပိတ်၊အအေးပေးစနစ် ကြက်မွေးမြူရေးစက်ရုံသည် ရေရှည်ခိုင်ခံ့ပြီး အနည်းဆုံးဆယ်နှစ်မှ နှစ်နှစ်ဆယ်ထိမွေးမြူနိုင်ကြောင်း သိရပြီး အဓိကလိုအပ်ချက်မှာ လျှပ်မီးဖြစ်သောကြောင့် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်ပါက မွေးမြူထားသော ကြက်များသေဆုံးနိုင်ကြောင်း သိရသည်။

အဆိုပါအလုံပတ်အအေးပိတ်စက်ရုံစနစ်ဖြင့် ကြက်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များကို မြေယာအသုံးချခွင့်လွယ်ကူစွာရရှိနိုင်ရန်နှင့် မွေးမြူရေးဇုန်စနစ်အားဖျက်သိမ်းပေးရန် လိုအပ်ကြောင်း သိရသည်။

(၂၀၀)

# ဖရီးပါမစ်ကားများ အရောင်းအဝယ်အေးနေပြီး ဆိုင်ကယ်ဈေးကွက်တွင် အသစ်ဘီးများအရောင်းအဝယ်ဖြစ်နေ

**မန္တလေး ဧပြီ ၂၀**

ကားဈေးကွက်အတွင်း ဖရီးပါမစ်ကားများ အရောင်းအဝယ်အေးနေပြီး စလစ်ကပ်ကားများသာ အရောင်းအဝယ်ရှိနေကာ ကားဈေးနှုန်းများ မြင့်တက်နေကြောင်း သိရသည်။

ဈေးကွက်အတွင်း၌အရောင်းအဝယ်ဖြစ်မှု အလွန်နည်းနေပြီး ဝင်ငွေခွန်ပေးဆောင်နေရခြင်းကြောင့် ကားများတင်သွင်းမှုလျော့နည်းလာကြောင်း၊ စလစ်ကပ်ကားများတွင်လည်း အာရာဖတ်၊ Wish၊ klugen Rav-4၊ ဘင်ဂတ်စသည့် ကားများပို၍ တင်သွင်းမှုများလာကြောင်း သိရသည်။

စလစ်ကပ်ကားများ အရောင်းအဝယ်ရှိသော်လည်း စလစ်ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး ဖရီးပါမစ်ကားများမှ နံပါတ်ထွက်ပြီးသည့် Wish၊ ပရိုဘောက်စ်၊ Axio၊ Suzuki Swift အစရှိသည့် ကားများနှင့် Kluger၊ Rav-4၊ Mark II၊ Surf ၊ အာရာဖတ် အစရှိသည့် စလစ်ကပ်ကားများသည်လည်း ဈေးတန်းအရ အမြင့်ဈေးများဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။

မန္တလေး ကားဈေးကွက်၏ ရောင်းအားအကောင်းဆုံးဖြစ်သည့် ခွေးဘီလူးအမျိုးအစား (Mini Truck)များမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး Truck ကားအမျိုးအစားများမှ ငွေကျပ် သိန်း ၇၀မှ သိန်း ၁၁၀ခန့် ဈေးတန်းရှိ ကားလေးများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုတစ်ပတ် ဆိုင်ကယ်ဈေးကွက်တွင် အသစ်ဘီးများအရောင်းအဝယ် အနည်းငယ်ဖြစ်နေပြီး တစ်ပတ်ရစ်ဈေးကွက်တွင်လည်း ငွေကျပ် သုံးသိန်းခန့် ဈေးတန်းရှိ တရုတ်ဘီးများ ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် ဆိုင်ကယ်အနည်းငယ်သာ အရောင်းအဝယ်ရှိပြီး ရောင်းချလိုမှု ပို၍များနေကြောင်း ၅၉လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တရုတ်နိုင်ငံလုပ် ဆိုင်ကယ်ဈေးနှုန်းများမှ 110 အမျိုးအစားများမှာ ငွေကျပ် လေးသိန်းငါးသောင်းမှ ငါးသိန်းခြောက်သောင်းခန့်၊ 125(ရုပ်ဆိုး)အမျိုးအစားများမှာ ငွေကျပ် လေးသိန်းရှစ်သောင်းမှ ခြောက်သိန်းသုံးသောင်းခန့်၊ 125(CZI)အမျိုးအစားများမှာ ငွေကျပ် လေးသိန်းရှစ်သောင်းမှ ခုနစ်သိန်းခန့်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံလုပ် အော်တိုဂီယာ နောက်ဆုံးမော်ဒယ် Click ဘီး(ပုံပြောင်း)မှာ ငွေကျပ် ၂၂သိန်းငါးသောင်းခန့်၊ ပုံဟောင်းမှာ ငွေကျပ် သိန်း ၂၀ခန့် ဈေးပေါက်ကာ နောက်ဆုံးမော်ဒယ်မဟုတ်သည့် Click ဘီးများသည် ငွေကျပ် ၁၄ သိန်းမှ ၁၆သိန်းခန့်ဈေးရှိကြောင်း သိရသည်။

(၁၇၃)

# မိုးရွာသွန်းမှုကြောင့် သရက်ခြံများ ပျက်စီးမှုမရှိခဲ့

**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် သရက်ခြံများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်း သင်္ကြန်ကာလအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် မိုးများရွာသွန်းခဲ့ရာ လက်ရှိအချိန်တွင် သရက်ပင်များကို ရေသွင်းသည့်အချိန်ဖြစ်သော်လည်း သရက်ခြံများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း အဆိုပါအသင်း အတွင်းရေးမှူးက ပြောပြသည်။

လာမည့်မေလတွင် ဈေးကွက်ဝင် သရက်သီးများ စတင်ပေါ်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် ဈေးကွက်ဦးသည့်အနေဖြင့် အသီးနုများကို မူဆယ်ဈေးကွက်သို့ခူး၍ တင်ပို့မှုများ ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့သရက်သီးကို ရုရှားနိုင်ငံ၊ ကိုရီးယား၊ စင်ကာပူ အစရှိသည့် နိုင်ငံများအပြင် ဈေးကွက်တောင်းဆိုလျက်ရှိသည့် အခြားနိုင်ငံများကိုပါ တင်ပို့သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် သရက်စိုက်ဧက တစ်သိန်းခန့် တိုးတက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်၌ သရက်သီးအထွက်နှုန်း ပိုမိုနိုင်ဖွယ်ရှိကြောင်း အဆိုပါအသင်းမှ သိရသည်။

(၁၉၇)

စာတည်းမှူးချုပ်-ဗိုလ်မှူးဆန်းဝင်း၊ ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာစာလမ်းနှင့်ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

www.facebook.com/themyawadydaily

ခရီးသွားဆောင်းပါး

# မဲဆောက်မြို့ဈေး

သက်နိုင်(မြင်ဦးလွင်)

သောင်းရင်းမြစ်တံတားအနီး ထိုင်းနိုင်ငံ နယ်စပ်ကားဂိတ်ကနေ မဲဆောက်မြို့ကို အသွားခရီးမှာ ကားပေါ်ပါလာကြသူအားလုံးက မြန်မာနိုင်ငံသားတွေပါ။ ထိုင်းနိုင်ငံထဲမှာ ဖြစ်နေပေမယ့် ထိုင်းနိုင်ငံသားဆိုလို့ ကားမောင်းနေတဲ့ အမျိုးသမီးတစ်ယောက်ပဲပါတယ်။ ထိုင်းဘုရင်မင်းမြတ်နတ်ရွာစံသွားတာကို ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ အထက်အောက် အနက်ရောင်အကျီၤ ဘောင်းဘီရှည်ဝတ်ထားတဲ့ ထိုင်းအမျိုးသမီး ကားဒါရိုင်ဘာရဲ့ပုံစံက အသက် ၅၀ကျော်လောက် ဝဝဖိုင့်ဖိုင့် အသားညိုညိုနဲ့ပါ။ ဝတ်ထားတဲ့ အဝတ်အစားတွေကလဲ အနက်ရောင်ဖြစ်ရင်ပြီးရောဆိုတဲ့ သဘောနဲ့ အပေါ်က ကာကီအကျီၤအနက်ရောင်၊ အောက်က ညဝတ်ဘောင်းဘီလို ချည်ထည်သားကျပ်ကျပ်ကို ဝတ်ဆင်ထားလို့ ကြည့်ရတာမသပ်မရပ်နဲ့ အဆင်မပြေဖြစ်နေတယ်။

တရုတ်နိုင်ငံ ကျယ်ခေါင်ဂိတ်ကနေ ရွှေလီမြို့ကို အသွားခရီးမှာ တရုတ်အမျိုးသမီးတွေ မောင်းပို့တဲ့ အငှားကားတွေ စီးခဲ့တုန်းကနဲ့တော့ တခြားစီပါ။ တရုတ်အမျိုးသမီး ကားဒရိုင်ဘာတွေက အဝတ်အစားဝတ်တာကအစ သပ်သပ်ရပ်ရပ်နဲ့ စမတ်ကျသလို အသက်ငယ်ငယ်ချောချောလေးတွေဖြစ်ပြီး ကားတွေကလဲ မော်ဒယ်မြင့် ဆလွန်းကားလေးတွေ ဘယ်ကားကြည့်ကြည့် ရေဆေးတိုက်ချွတ်ထားလို့ ပြောင်လက်နေတာကိုတွေ့ရတယ်။ အခု ထိုင်းနိုင်ငံမှာ စီးနေရတဲ့ကားက မြန်မာနိုင်ငံမှာတောင် မသုံးတော့တဲ့ မော်ဒယ်နိမ့် ဟိုင်းလက်ကား အိုအိုဟောင်းဟောင်းကြီးပါ။ မောင်းတဲ့သူနဲ့ ကားနဲ့ကတော့ အံကိုက်ပါပဲ။

ထိုင်းနိုင်ငံ နယ်စပ်ဂိတ်နားတစ်ဝိုက်မှာအဆောက်အအုံ မြင့်မြင့်ကောင်းကောင်းတွေကို တွေ့နေရပေမယ့် အတွင်းထဲကို ရောက်လာတော့ လမ်းဘေး တစ်လျှောက်မှာ သိပ်မတွေ့ရတော့ဘူး။ မြန်မာနိုင်ငံထဲမှာရှိတဲ့ သာမန်မြို့တစ်မြို့က ပုံစံအတိုင်းဖြစ်နေတယ်။ တချို့နေရာတွေမှာဆိုရင် လယ်ကွက်တွေနဲ့ အိမ်စုတ်စုတ်၊ တဲစုတ်စုတ်တွေကို တွေ့ရတယ်။ အိမ်တွေ၊ တဲတွေကလဲ မြန်မာနိုင်ငံမှာ ဆောက်တဲ့ပုံစံအတိုင်းပါ။ လမ်းဘေးမှာ အသင့်သုံးယာယီတဲတွေနဲ့ အဝတ်အထည်ရောင်းနေတဲ့ ဆိုင်လေးတွေကိုလဲ တစ်ခါတစ်ရံ တွေ့ရတယ်။ ဘာနဲ့ သွားတူသလဲဆိုတော့ မြန်မာနိုင်ငံမှာ လေဘေးထည်ရောင်းကြတဲ့ ဆိုင်မျိုးလေးတွေလိုပါပဲ။

အလယ်မှာ ပန်းခုံကျွန်းပါပြီး တစ်ဖက်နှစ်လမ်းနဲ့ လေးလမ်းသွား ကတ္တရာခင်းလမ်းကနေ မဲဆောက်မြို့ကို ၁၀မိနစ်ကျော်လောက် ကားမောင်းရတယ်။ နိုဝင်ဘာလကုန်လောက်ဆိုပေမယ့် မွန်းတည့် ၁၂နာရီကျော် အပူရှိန်က မဲဆောက်မြို့မှာ တော်တော်ပူတယ်လို့ ပြောရမှာပါ။ တရုတ်နိုင်ငံ ရွှေလီမြို့ထဲမှာ သစ်ပင်ရိပ်တွေနဲ့ အေးမြသလောက် ထိုင်းနိုင်ငံထဲမှာ ဘာသစ်ပင်မှမရှိဘဲ ပူနေတာကို သတိထားမိတယ်။

ကားက နယ်စပ်ဂိတ်ကနေ မဲဆောက်မြို့နားရောက်တဲ့ထိ မောင်းလာခဲ့ပေမယ့် လမ်းဆင်းခရီးသည်တစ်ယောက်မှမတွေ့ရဘူး။ လမ်းတစ်လျှောက်လုံးလဲ စည်စည်ကားကား ဘာမှမရှိဘဲ သာမန်အိမ်တွေ၊ ရုံးတွေ၊ ဆိုင်တွေက များတယ်။ ကားပေါ်မှာ ပါလာကြတဲ့သူတွေရဲ့ ပြောပုံဆိုပုံစကားသံတွေအရ မြဝတီနဲ့ မဲဆောက်ကို အိမ်ဦးနဲ့ကြမ်းပြင်လို ကူးချည်သန်းချည်လုပ်နေကြပြီး မဲဆောက်မှာအခြေချနေထိုင်ကြတဲ့ သူတွေဖြစ်နေတာကို သတိထားမိတယ်။ သူတို့ပြောကြတဲ့စကားတွေထဲမှာ ကုန်ရောင်းကုန်ဝယ်အကြောင်းတွေ၊ စီးပွားရေးကုန်ပစ္စည်းအကြောင်းတွေ၊ နှစ်နိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေးအကြောင်းတွေ ဘာမှ မပါကြဘဲ တစ်ယောက်နဲ့တစ်ယောက် စလိုက်ကြ နောက်လိုက်ကြနဲ့ ကားပေါ်မှာအတူစီးလာတဲ့သူတွေကိုရော ဘေးပတ်ဝန်းကျင် မြင်ကွင်းတွေကိုရော ဘာကိုမှ ဂရုမစိုက်ကြဘဲ ဒီအရပ်ဒေသမှာ အမြဲတမ်းသွားလာလှုပ်ရှားနေကြတဲ့ သူတွေဖြစ်ကြောင်းတွေ့ရတယ်။

မဲဆောက်မြို့နား နီးလာတာနဲ့အမျှ မြင်ကွင်းတွေက ပြောင်းသွားပါပြီ။ တိုက်တာအဆောက်အအုံ မြင့်မြင့်တွေနဲ့ လမ်းခွဲ၊ လမ်းကြား၊ လမ်းသွယ်တွေကို နေရာတိုင်းမှာ တွေ့နေရတယ်။ ကားကတော့ လမ်းမကြီးအတိုင်း ဘယ်ကိုမှမချိုးမကွေ့ဘဲ မောင်းလာပြီး တစ်နေရာရောက်မှ ခပ်ကျယ်ကျယ်လမ်းတစ်ခုထဲကို ကွေ့ဝင်ခဲ့တယ်။ လမ်းထဲမှာကားတွေ၊ ဆိုင်ကယ်တွေ၊ သုံးဘီးတွေအများကြီး တန်းစီရပ်ထားတာကိုလဲတွေ့ရတယ်။ ဒီနေရာက ကားဂိတ်တွေပါ။ ထိုင်း-မြန်မာ နယ်စပ်ကနေလာရင် ဒီနေရာမှာ ဂိတ်ဆုံးသလို ဒီနေရာကနေ ထိုင်းနိုင်ငံထဲက တခြားမြို့တွေကို သွားသွား၊ မြန်မာနယ်စပ်ကိုပြန်သွားသွား ကားပြန်စီးရမှာမို့ မှတ်မိအောင်သေချာမှတ်ထားခဲ့ရတယ်။

ဂိတ်မှာကားရပ်လိုက်တာနဲ့ ကားပေါ်ကနေ အလျှိုလျှိုဆင်းသွားကြလို့ ငါတို့လဲ ဒီမှာပဲဆင်းရတော့မှာဆိုတဲ့ အသိနဲ့ ကားပေါ်ကနေဆင်းလိုက်တာ မဲဆောက်မြို့ကို ပထမဆုံးခြေချလိုက်ရတာပါ။ ကားပေါ်က ဆင်းလိုက်ပေမယ့် ဘယ်သွားရမှန်းမသိသေးပါဘူး။ နာရီကြည့်လိုက်တော့ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်ပဲ ရှိသေးတယ်။ မဲဆောက်မြို့ လမ်းမကြီးတစ်ခုပေါ်မှာ နေကလဲချစ်ချစ်တောက်ပူနေလို့ အရိပ်ရတဲ့လမ်းဘေး ပလက်ဖောင်းပေါ်ကနေ နေရိပ်ခိုရင်း ရှေ့တည့်တည့်ကို ဆက်လျှောက်လာခဲ့တာ ပထမတော့ ဈေးဆိုင်တွေ တွေ့နေရပေမယ့် နောက်တော့ တဖြည်းဖြည်းနဲ့ ဈေးဆိုင်တွေနည်းသွားပြီး လူနေတိုက်ခန်းတွေကိုပဲ တွေ့ရတော့တယ်။

ရှေ့ဆက်လျှောက်သွားရင် လူနေရပ်ကွက်တွေထဲရောက်သွားနိုင်တာမို့ အနီးဆုံးဈေးဆိုင်တစ်ဆိုင်ကို ဝင်ပြီး ဈေးကဘယ်နားမှာလဲဆိုတာကိုမေးရတယ်။ ဝင်မေးလိုက်တဲ့ ဆိုင်ကစိုက်ပျိုးရေးသုံးပစ္စည်းနဲ့ ဆေးတွေရောင်းတဲ့ဆိုင်ဖြစ်ပြီး ဆိုင်ရှင်လို့ထင်ရတဲ့ လူနဲ့ အလုပ်သမားတွေအားလုံးက မြန်မာနိုင်ငံသားတွေပါ။ ဆိုင်ထဲမှာ ဈေးဝယ်တဲ့ လူတွေရှိနေပြီး ပြောနေတဲ့ စကားတွေကလဲ မြန်မာလိုပဲပြောနေကြတယ်။ သူတို့ ညွှန်ပြလိုက်တဲ့အတိုင်း အနောက်ကိုပြန်လှည့်၊ တည့်တည့်သွားပြီး ဘယ်ဘက်ကိုချိုးကွေ့လိုက်တော့မှ သွားချင်တဲ့ဈေးကို တွေ့ရတော့တယ်။

ဈေးကိုလာတဲ့ လမ်းတစ်လျှောက်နဲ့ လမ်းဘေး ဈေးဆိုင်တွေမှာ မြန်မာနိုင်ငံသားတွေများပြီး ထိုင်းနိုင်ငံသားတွေကို ကားဂိတ်၊ ဆိုင်ကယ်နဲ့ သုံးဘီး ဆိုင်ကယ်ဂိတ်တွေမှာပဲ တွေ့ရတယ်။ ထိုင်းနဲ့ မြန်မာက အနည်းငယ်ဆင်ကြပေမယ့် ထိုင်းတွေက အထက်အောက်အနက်ရောင်ဝတ်ထားကြလို့ ခွဲခြားရတာလွယ်နေတယ်။ နောက်တစ်ခုက စကားပြောဆိုတဲ့ အသံနဲ့ ခွဲခြားလို့ရနေတယ်။

ဈေးဝင်ပေါက်ရဲ့အပေါ်မှာ မြန်မာနိုင်ငံက ဈေးတွေလို ဆိုင်းဘုတ်တစ်ခုကိုတွေ့ရပြီး အောက်ခံအပြာရောင်ပေါ်မှာ အဝါရောင် ထိုင်းဘာသာနဲ့ရေးထားတယ်။ ဆိုင်းဘုတ်ရဲ့အလယ်မှာလဲ ထိုင်းဘုရင်မင်းမြတ်ရဲ့ ဓာတ်ပုံကိုလဲမြင်နေရတယ်။ ဒီနေရာမှာ ထိုင်းလူမျိုးတွေက သူတို့ရဲ့ဘုရင်မင်းမြတ်ကို လေးလေးစားစားနဲ့ ချစ်ခင်ယုံကြည်ပြီး အထွတ်အမြတ်ထားကြတဲ့ စိတ်ဓာတ်တွေကို ချီးကျူးအားကျကြရမှာပါ။ ရန်ကုန်မြို့ကိုရောက်ခဲ့တုန်းကလဲ လမ်းဆုံလမ်းခွတွေနဲ့ အထင်ကရအဆောက်အအုံတွေမှာ ထိုင်းဘုရင်ပုံတွေ ချိတ်ဆွဲထားတာကိုတွေ့ခဲ့ရတယ်။ အခုလဲ ထိုင်းနိုင်ငံထဲကို ဝင်လာကတည်းက တွေ့နေရပြန်ပြီ။ နတ်ရွာစံတဲ့ အချိန်မှာလဲ တစ်နိုင်ငံလုံး အနက်ရောင်တွေ ဝတ်ပြီး ဝမ်းနည်းကြောင်း ပြသကြသေးတယ်။

ထိုင်းဘုရင်ပုံပါတဲ့ မဲဆောက်ဈေး ဆိုင်းဘုတ်အောက်ကနေဖြတ် ဈေးထဲကိုဝင်လာပြီး တစ်ဆိုင်ပြီးတစ်ဆိုင်ကြည့်လာခဲ့တာ ဈေးထဲက ဆိုင်အားလုံးနီးပါးက မြန်မာနိုင်ငံသားတွေရောင်းနေကြတဲ့ မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းတွေပါ။ ဆေးရောင်းနေတဲ့ ဆိုင်တွေမှာ မြန်မာဆေးမျိုးစုံ၊ ငါးပိငါးခြောက်ရောင်းတဲ့ ဆိုင်တွေမှာ ရေထွက်ပစ္စည်းအကုန်ရှိတယ်။ နိဗ္ဗာန်ကုန်ဆိုင်တွေမှာလဲ သင်္ကန်းပရိက္ခရာကအစ ဘုရားဆင်းတုတော်မျိုးစုံ၊ ဘုရားပုံတော်၊ စိပ်ပုတီး၊ မြန်မာဘုရားစင်တွေမှာ ရှိလေ့ရှိထ၊ တွေ့လေ့တွေ့ထရှိတဲ့ ပစ္စည်းမျိုးစုံအကုန်ဝယ်လို့ရတယ်။ ဒါ့အပြင် စာအုပ်ဆိုင်၊ အခွေဆိုင်တွေမှာလဲ မြန်မာစာအုပ်နဲ့ မြန်မာဗွီစီဒီ၊ ဒီဗွီဒီမျိုးစုံတွေပါ။ မြန်မာနိုင်ငံမှာရှိတဲ့ဆိုင်တွေမှာတောင် ဒီလောက်စုံအောင် မတွေ့ဘူးတာ အခု မဲဆောက်ဈေးထဲမှာ မြန်မာပစ္စည်းမျိုးစုံကို တွေ့နေရတယ်။ ရောင်းနေတဲ့ ဆိုင်ပိုင်ရှင်နဲ့ အလုပ်သမားတွေအားလုံးကလဲ မြန်မာတွေပါ။



မဲဆောက်ဈေးကြီးကို တွေ့ရစဉ်။

မဲဆောက်ဈေးကတော်တော်ကျယ်တယ်။ ဈေးရဲ့ အပြင်ဘက်တန်းမှာ စတိုးဆိုင်တွေ၊ စူပါမားကက်တွေ စတဲ့ တိုက်တန်းတွေနဲ့ ဝန်းရံထားပြီး အတွင်းပိုင်းမှာ ဈေးရုံကြီးတွေနဲ့ ပျံကျဈေးဆိုင်တန်းတွေရှိနေတယ်။ ဈေးထဲမှာရှိတဲ့ဆိုင်တွေအားလုံးကလဲ သတ်မှတ်ထားတဲ့ ဆိုင်ခန်းနေရာမှာပဲ ကုန်ပစ္စည်းတွေကို တည်ခင်းရောင်းချနေကြလို့ ဈေးထဲမှာ လမ်းလျှောက်ရတာကျယ်ကျယ်လွင့်လွင့်ရှိတယ်။ တချို့ဈေးလာဝယ်တဲ့ သူတွေရဲ့ ဆိုင်ကယ်တွေ၊ ကုန်ပစ္စည်းသယ်ပိုးနေတဲ့ သုံးဘီးဆိုင်ကယ်တွေ ဈေးထဲမှာ ဝင်ထွက်မောင်းနှင်လို့ရအောင် ဈေးလမ်းတွေကကျယ်တယ်။

မြန်မာနိုင်ငံက ဈေးအတော်များများမှာ သတ်မှတ်ထားတဲ့ ဈေးဆိုင်ခန်းအပြင်ဘက်ထိ ရောက်အောင် ကုန်ပစ္စည်းတွေကို တည်ခင်းရောင်းချနေကြပြီး တချို့ဆိုင်တွေဆို ဈေးလမ်းပေါ်ထိရောက်နေကြလို့ ဈေးဝယ်လာတဲ့သူတွေမလွတ်မလပ်နဲ့ လမ်းလျှောက်နေကြရတာကို သတိရနေမိသေးတယ်။ မဲဆောက်မြို့က ဈေးသူ၊ ဈေးသားတွေ စည်းကမ်းရှိကြတယ်လို့ ပြောရမှာပါ။

မဲဆောက်ဈေးထဲမှာ ရောင်းချနေတဲ့ ကုန်ပစ္စည်းတွေက မြန်မာနိုင်ငံမှာရှိနေတဲ့ ကုန်ပစ္စည်းတွေနဲ့ သိပ်မကွာဘဲ ဈေးထဲမှာလဲ မြန်မာနိုင်ငံသားတွေ များတာကို တွေ့ရတယ်။ စတိုးဆိုင်က ပစ္စည်းတွေ၊ အလှကုန်တွေ၊ အဝတ်အထည်တွေ၊ ဟင်းသီးဟင်းရွက်တွေကအစ မြန်မာနိုင်ငံမှာလိုပဲ ရောင်းချနေတယ်။ ငွေရှင်းရင်တော့ မြန်မာငွေနဲ့ရှင်းလို့မရဘဲ ထိုင်းဘတ်ငွေနဲ့ ရှင်းပေးရတယ်။ ဈေးထဲမှာ ထူးထူးခြားခြား တွေ့ရတဲ့ ဈေးဆိုင်တွေကတော့ တိရစ္ဆာန်အရှင်ကောင်တွေကို ရောင်းချနေတဲ့ဆိုင်တွေပါ။

တိရစ္ဆာန်ရောင်းတဲ့ဆိုင်တွေမှာ လိပ်၊ ဖား၊ ငါး၊ ကဏန်းစတဲ့ ရေထွက်သတ္တဝါတွေ၊ ပုတ်သင်ညို၊ ကင်းလိပ်ချော၊ ဖွတ်၊ ပုတတ် စတဲ့အကောင်တွေနဲ့ ငှက်မျိုးစုံတွေကို အရှင်အတိုင်း ရောင်းချပေးနေတယ်။ လိပ်၊ ဖား၊ ငါး၊ ကဏန်း အကောင်တွေကို ရေပုံး၊ ရေကန်တွေထဲမှာ ထည့်ထားပြီး တခြားအကောင်တွေကို လှောင်အိမ်တွေနဲ့ထည့်ထားတယ်။ တွေ့နေရတဲ့ မြင်ကွင်းက သတ္တဝါတွေကို သနားတတ်သူတွေအဖို့ စိတ်မကောင်းစရာပါ။ ဝယ်ပြီးချက်ပြုတ်စားသောက်ဖို့ နေနေသာသာ မြင်နေရတာကိုတ တကယ့်ကို စိတ်မသက်မသာဖြစ်နေရပါပြီ။

နောက်ထပ် မဲဆောက်ဈေးထဲမှာတွေ့ရတဲ့ ဆိုင်တွေကတော့ ရှေးဟောင်းပစ္စည်းနဲ့ ငွေထည်တွေရောင်းတဲ့ဆိုင်တွေပါ။ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်တွေမှာ မြန်မာနိုင်ငံကလို ဗုဒ္ဓရုပ်ပွားတော်မျိုးစုံ၊ ရုပ်သေးရုပ်တွေ၊ ငွေစက္ကူအဟောင်းတွေနဲ့ တခြားပစ္စည်းတွေကို တွေ့ရတယ်။ ဒီဆိုင်တွေမှာ အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်စရာမရှိလို့ ထိုင်းနိုင်ငံရောက်တုန်း အမှတ်တရပစ္စည်းတစ်ခုခု ဝယ်ရအောင် ဈေးရုံကြီးဘက်ကို ထွက်လာခဲ့ရတယ်။

# နိုင်ငံတကာ သတင်းများ

## ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ယာဉ်များ၌ အချက်ပြမီးနီအသုံးပြုခွင့် အိန္ဒိယပိတ်ပင်

ဒေလီ ဧပြီ ၂၀

ယာဉ်ကြောတစ်လျှောက် အမှိုက်မပြတ် မောင်းနှင်နိုင်ရေးအတွက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ မော်တော်ယာဉ်များ၌ အချက်ပြမီးနီတပ်ဆင်အသုံးပြုမှုကို အိန္ဒိယအစိုးရက ပိတ်ပင်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် မေ ၁ရက်မှစ၍ဝန်ကြီးများ၊အဆင့်မြင့်အရာရှိကြီးများ၏ မော်တော်ယာဉ်အပါအဝင်မည်သည့် မော်တော်ယာဉ်တွင်မျှ အချက်ပြမီးနီတပ်ဆင်ခွင့်ရှိမည်မဟုတ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးအရွန်ဂျိုင်သလေက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ၏ စည်းမျဉ်းသစ်အရ အရေးပေါ်ယာဉ်များလူနာတင်ယာဉ်များနှင့် ရဲတပ်ဖွဲ့ယာဉ်များတွင်သာ အပြာရောင်လမ်းရှင်းအချက်ပြမီးတပ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရအရာရှိကြီးပုဂ္ဂိုလ်များသည် ရဲဖန်ရံခါအနီရောင်လမ်းရှင်းအချက်ပြမီးကို အဆောင်အယောင်တစ်ခုအဖြစ် အသုံးချလေ့ရှိရာ ယာဉ်ကြောများ မလိုအပ်ဘဲ ရှုပ်ထွေး၍ လမ်းသွားလမ်းလာများ အနှောင့်အယှက် ဖြစ်ကြကြောင်း ဝေဖန်သူများက ပြောကြားခဲ့သည်။

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများက လမ်းရှင်းမီးနီအသုံးပြုခွင့်ပိတ်ပင်ရေး စည်းမျဉ်းသည် သာမန်ပြည်သူများထက် နိုင်ငံရေးသမားများနှင့်အစိုးရတာဝန်ရှိသူများက ခံစားခွင့်ပိုမိုရယူထားသည့် အိန္ဒိယအရေးကြီးပုဂ္ဂိုလ်ယဉ်ကျေးမှုအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။ KKO

## ဝန်ကြီးချုပ် နဝပ်ရှုရစ်ဖ်ကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် ပါကစ္စတန်တရားလွှတ်တော်ချုပ် ထုတ်ပြန်

အစ္စလာမ္မာဘတ် ဧပြီ ၂၀

အဂတိလိုက်စားမှုဆိုင်ရာစွပ်စွဲချက်များနှင့် ပတ်သက်၍ဝန်ကြီးချုပ်နဝပ်ရှုရစ်ဖ်ကို စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန်ပါကစ္စတန်တရားလွှတ်တော်ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြထားသည်။

သို့သော် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားရေးအတွက် လုံလောက်သည့် သက်သေအထောက်အထားများမတွေ့ရသေးကြောင်း ပါကစ္စတန်တရားလွှတ်တော်ချုပ် တရားသူကြီးများက ဆုံးဖြတ်ခဲ့ရာ ပါကစ္စတန်ဝန်ကြီးချုပ် နဝပ်ရှုရစ်မှာ ရာထူးဖယ်ရှားခံရမည့်အရေးမှ ယာယီကင်းလွတ်ခွင့်ရရှိခဲ့သည်။

၂၀၁၆ခုနှစ်အတွင်း ပေါက်ကြားထွက်ပေါ်လာသော ပနားမားမှတ်တမ်းများတွင် ပါကစ္စတန်ဝန်ကြီးချုပ် နဝပ်ရှုရစ်ဖ်မိသားစုနှင့် တရားမဝင်ပင်လယ်ရပ်ခြားစီးပွားရေးလုပ်ငန်းများအကြား အဆက်အစပ်ရှိကြောင်း ဖော်ပြခဲ့သည်။

ပါကစ္စတန်တရားလွှတ်တော်ချုပ်က ယနေ့တွင်ထုတ်ပြန်ခဲ့သည့် စီရင်ချက်အရ ဝန်ကြီးချုပ် နဝပ်ရှုရစ်ဖ်ရင်ဆိုင်နေရသော အဂတိလိုက်စားမှုပြဿနာစွပ်စွဲချက်များကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီတာဝန်ရှိသူများ၊ ပါကစ္စတန်တာဝန်ရှိသူများနှင့် ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့များ ပူးပေါင်းစစ်ဆေးရမည်ဖြစ်သည်။

သို့သော် ဝန်ကြီးချုပ်နဝပ်ရှုရစ်ဖ်ကို ရာထူးမှဖယ်ရှားရေးလုံလောက်သည့် သက်သေအထောက်အထားမရှိကြောင်း တရားလွှတ်တော်ချုပ် တရားသူကြီးငါးဦးအနက် သုံးဦးက ဆုံးဖြတ်ခဲ့ရာ နဝပ်ရှုရစ်ဖ်အနေဖြင့် ဝန်ကြီးချုပ်ရာထူးဆက်လက်ရယူထားနိုင်မည်ဖြစ်သည်။

ထို့ပြင် ပါကစ္စတန်တရားလွှတ်တော်ချုပ်သည် ၂၀၁၂ခုနှစ်ကလည်း ဝန်ကြီးချုပ်ဟောင်း ယူဆွတ်ရာဇာဂီလာနီကို အဂတိလိုက်စားမှုပြဿနာဖြင့် ဝန်ကြီးချုပ်နေရာနှင့်မထိုက်တန်ကြောင်း စီရင်ချက်ချခဲ့ဖူးကြောင်း သိရသည်။

KKO

STOP AIDS

## နှစ်နိုင်ငံကာကွယ်ရေး ဆက်ဆံမှုမြှင့်တင်ရေးအစီအစဉ်အရ ဒုတိယအကြိမ်ရုရှားရေတပ်စစ်သင်္ဘောများ ဖိလစ်ပိုင်သို့ရောက်ရှိ



မော်စကို ဧပြီ ၂၀

ဖိလစ်ပိုင်နိုင်ငံသမ္မတဒူတာတေး လက်ထက် နှစ်နိုင်ငံကာကွယ်ရေး ဆက်ဆံမှုမြှင့်တင်ရေး အစီအစဉ်အရ သုံးလတာကာလအတွင်း ဒုတိယအကြိမ်မြောက်အဖြစ် ရုရှားရေတပ်စစ်သင်္ဘောများ ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့တွင် ရောက်ရှိလာကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရိုက်တာသတင်းဌာန၏ အဆိုအရ ရုရှားပစိဖိတ်ရေတပ်အုပ်စု၏ အလံတင်သင်္ဘောဖြစ်သော ဗားယက်ဂ် ပဲ့ထိန်းဒုံးကျည်တင်စစ်သင်္ဘောသည် လောင်စာဆီတင်သင်္ဘောတစ်စီးနှင့်အတူ ဖိလစ်ပိုင်နိုင်ငံသို့ လေးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိလာကြောင်း သိရသည်။

အာဏာရရှိပြီးနောက်ပိုင်း နိုင်ငံခြားရေးမူဝါဒကို အပြောင်းအလဲပြုလုပ်နေသည့် ဖိလစ်ပိုင်သမ္မတဒူတာတေးသည် အစဉ်အလာမဟာမိတ် အမေရိကန်ပြည်ထောင်စုအစား ရုရှား၊ တရုတ်နိုင်ငံတို့နှင့် ကာကွယ်ရေးဆက်ဆံမှု မြှင့်တင်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့အတူ ရုရှားနိုင်ငံက အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြပြဿနာဖြေရှင်းရေးတို့အတွက် ဖိလစ်ပိုင်နိုင်ငံကို အကူအညီပေးရန် ဆန္ဒပြုထားပြီး ယင်းနယ်ပယ်များတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ လေ့ကျင့်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခင်က အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြပြဿနာ ကိုင်တွယ်ရေးနယ်ပယ်များ၌ အစဉ်အလာမဟာမိတ်အမေရိကန်ပြည်ထောင်စုနှင့်သာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ KKO

## ရုရှားနိုင်ငံက မြောက်ကိုရီးယားနယ်စပ်သို့ စစ်သည်များနှင့် စစ်လက်နက်ယန္တရားများပို့လွှတ်၍ အင်အားဖြည့်တင်း

မော်စကို ဧပြီ ၂၀

ကိုရီးယားကျွန်းဆွယ်ဒေသ၌ အချိန်မရွေး စစ်မီးထတောက်မည့် အရေးစိုးရိမ်နေကြချိန်တွင် ရုရှားနိုင်ငံက မြောက်ကိုရီးယားနယ်စပ်သို့ စစ်သည်များနှင့် စစ်လက်နက်ယန္တရားများပို့လွှတ်၍ စစ်အင်အားဖြည့်တင်းလျက်ရှိကြောင်း ဗြိတိန်အခြေစိုက် သည်ဆန်းသတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုပ်သံမှတ်တမ်းများ၏အဆိုအရ စစ်ယာဉ်ယန္တရားများ တင်ဆောင်ထားသော စစ်သုံးသယ်ယူပို့ဆောင်ရေးမီးရထားသုံးစီးသည် ၁၀မိုင်ရှည်လျားသည့် ရုရှားနှင့် မြောက်ကိုရီးယားနယ်စပ်သို့ ဦးတည်ခုတ်မောင်းနေကြောင်း သိရသည်။

ကိုရီးယားကျွန်းဆွယ်ဒေသ၌ စစ်ရေးပဋိပက္ခ ပေါ်ပေါက်ခဲ့ပါက မြောက်ကိုရီးယား ဒုက္ခသည်များ ရုရှားနိုင်ငံအတွင်းသို့ အစုအပြုလိုက် ဝင်ရောက်လာနိုင်သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားနျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်ခဲ့ပါက ရေဒီယိုသတ္တိကြွဓာတ်မှုန်များသည် ရုရှားနိုင်ငံအတွင်းသို့ ၂နာရီအတွင်း ရောက်ရှိလာနိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးထားသည်။

ယူအက်စ်အက်စ် ကားလ်ဗင်ဆင် လေယာဉ်တင်သင်္ဘော ဦးဆောင်သော အမေရိကန်ရေတပ်အုပ်စုသည် ယခင်ကြေညာထားသည့်အတိုင်း ကိုရီးယားကျွန်းဆွယ်ကမ်းလွန်၌ တပ်ချနေရာယူတော့မည်မဟုတ်ကြောင်း သတင်းများ ထွက်ပေါ်နေသော်လည်း လက်ရှိအချိန်ထိ ကိုရီးယားကျွန်းဆွယ်ဒေတွင် အခြေအနေများ တင်းမာနေဆဲဖြစ်သည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ နောက်ဆုံးပြုလုပ်ထားသောမအောင်မြင်သည့် ဒုံးကျည်စမ်းသပ်မှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ချက်မှုကြမ်းတစ်ရပ်ရေးဆွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ ဧပြီ ၁၉ရက်က တင်သွင်းခဲ့ကြောင်း သိရသည်။

KKO



## တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်များကို စစ်အင်အားအလုံးအရင်းဖြင့် လက်ဦးမှုယူတိုက်ခိုက်မည်ဟု မြောက်ကိုရီးယား ခြိမ်းခြောက်

ပြုံယမ်း ဧပြီ ၂၀

တောင်ကိုရီးယား အခြေစိုက် အမေရိကန်တပ်များကို စစ်အင်အားအလုံးအရင်းဖြင့် လက်ဦးမှုယူတိုက်ခိုက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် စစ်သံပေးခြိမ်းခြောက်လိုက်သည်။

ချူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားကို ဖိအားပေးရန် နည်းလမ်းရှာနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်က ပြောကြားခဲ့ပြီးနောက် မြောက်ကိုရီးယားက ထိုသို့ခြိမ်းခြောက်လိုက်ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် စစ်အင်အားအလုံးအရင်းဖြင့် လက်ဦးမှုယူတိုက်ခိုက်မည်ဆိုပါက တောင်ကိုရီးယားရောက် အမေရိကန်တပ်များသာမက အမေရိကန်ပြည်ထောင်စုပါ ပြာပုံဖြစ်သွားလိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယား အလုပ်သမားပါတီသတင်းစာဖြစ်သည့် ရိုဒေါင်ဆင်မွန်သတင်းစာက သတိပေးထားသည်။

ချူကလီးယားအစီအစဉ်၊ ဒုံးကျည်အစီအစဉ်များနှင့် ပတ်သက်၍ နိုင်ငံတကာဖိအားနှင့် ရင်ဆိုင်နေရသည့် မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ်ဒေသ၌ တင်းမာမှုများ မြင့်တက်စဉ် တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကို စစ်သံပေး ခြိမ်းခြောက်လေ့ရှိသည်။

သို့သော် မြောက်ကိုရီးယားနှင့်ပတ်သက်၍ ယခင်အမေရိကန်အစိုးရအဆက်ဆက်ကျင့်သုံးခဲ့သော မဟာဗျူဟာမြောက် သည်းခံမှုမူဝါဒခေတ်ကုန်သွားပြီဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ မိုက်ပင့်စ်က အာရှခရီးစဉ်အတွင်း ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# အီတလီစီးရီးအေပွဲစဉ်(၃၃) ပွဲကြိုသုံးသပ်ချက်များ

STA

## အတ္တလန္တာ Vs ဘိုလောဂ်နာ

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည၁၀း၃၀နာရီ)

ပထမအကျော့ရလဒ်

ဘိုလောဂ်နာ ၀ - ၂ အတ္တလန္တာ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

အတ္တလန္တာ - ဝေး(နိုင်) အိမ်(သရေ) ဝေး(သရေ)

ဘိုလောဂ်နာ - ဝေး(ရှုံး) အိမ်(ရှုံး) ဝေး(သရေ)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| အတ္တလန္တာ | ၃၂ | ၁၈ | ၆ | ၈ | ၅၃ | ၃၅ | ၆၀ | ၅ |
| ဘိုလောဂ်နာ | ၃၂ | ၉ | ၈ | ၁၅ | ၂၉ | ၄၆ | ၃၅ | ၁၄ |

ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်တဲ့ အတ္တလန္တာအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာ အနိုင်ရရှိအောင် ကစားမှာပါ။ ဘိုလောဂ်နာအသင်းကတော့ အဝေးကွင်းမှာ ခြေစွမ်းပိုင်းဆိုးရွားနေပြီး ခံစစ်ပိုင်းက စိတ်ချလို့ရတဲ့အနေအထားမှာမရှိလို့ အတ္တလန္တာအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းသာလွန်မှုရှိတဲ့ အတ္တလန္တာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

အင်တာနက်ခန့်မှန်း - အတ္တလန္တာ ၂ - ၀ ဘိုလောဂ်နာ

## ဖီအိုရင်တီးနား Vs အင်တာမီလန်

ကစားမည့်ရက်/အချိန် ၂၃-၄-၂၀၁၇ (နံနက် ၁း၁၅နာရီ)

ပထမအကျော့ရလဒ်

အင်တာမီလန် ၄ - ၂ ဖီအိုရင်တီးနား

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဖီအိုရင်တီးနား - အိမ်(နိုင်) ဝေး(သရေ) အိမ်(ရှုံး)

အင်တာမီလန် - အိမ်(ရှုံး) ဝေး(ရှုံး) အိမ်(သရေ)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဖီအိုရင်တီးနား | ၃၂ | ၁၄ | ၁၀ | ၈ | ၅၀ | ၄၁ | ၅၂ | ၈ |
| အင်တာမီလန် | ၃၂ | ၁၇ | ၅ | ၁၀ | ၅၉ | ၃၇ | ၅၆ | ၇ |

နောက်ပိုင်းပွဲစဉ်တွေမှာ နှစ်သင်းစလုံးရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေလို့ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ဝေဝါးလာခဲ့ပါတယ်။ ဖီအိုရင်တီးနားအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက စွမ်းဆောင်ရည်တွေကျဆင်းနေပြီး ရလဒ်တွေဆိုးရွားနေပါတယ်။အင်တာမီလန်အသင်းကတော့ အသင်းကြီးတွေနဲ့ ရင်ဆိုင်တွေ့ရင် ရလဒ်ကောင်းလေ့ရှိလို့ အနည်းဆုံး သရေရလဒ်ရယူမယ့် ဧည့်သည်အသင်းကိုပဲ အားပေးရမှာပါ။

အင်တာနက်ခန့်မှန်း - ဖီအိုရင်တီးနား ၁ - ၂ အင်တာမီလန်

# အက်ဖ်ပ်အေပလားဆီမီးဖိုင်နယ်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

KMK

## ချဲလ်ဆီး Vs စပါး

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည၁၀း၄၅နာရီ)

တွေ့ဆုံမှုရလဒ်

စပါး ၂ - ၀ ချဲလ်ဆီး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ချဲလ်ဆီး - အိမ်(နိုင်) ဝေး(နိုင်) ဝေး(ရှုံး)

စပါး - ဝေး(နိုင်) အိမ်(နိုင်) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ချဲလ်ဆီး | ၃၂ | ၂၄ | ၃ | ၅ | ၆၅ | ၂၇ | ၇၅ | ၁ |
| စပါး | ၃၂ | ၂၁ | ၈ | ၃ | ၆၈ | ၂၂ | ၇၁ | ၂ |

နှစ်သင်းစလုံးဟာ ကွာတားဖိုင်နယ်အဆင့်ရောက်နေပြီဖြစ်လို့အကောင်းဆုံးပြင်ဆင်လာမှာပါ။ လက်ရှိခြေစွမ်းပိုင်းကလဲ နှစ်သင်းစလုံးအကောင်းဆုံး အနေအထားမှာ ရှိနေပါတယ်။ စပါးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲဆက်တိုက်အနိုင်ရရှိထားတာကြောင့် ချဲလ်ဆီးအသင်းအလွယ်တကူ ကျော်ဖြတ်ဖို့ ခက်ခဲနိုင်ပေမယ့် အိမ်ကွင်းအားသာချက်ရှိနေတဲ့ ချဲလ်ဆီးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

အင်တာနက်ခန့်မှန်း - ချဲလ်ဆီး ၁ - ၀ စပါး

# ပရီးမီးယားလိဂ်ပွဲစဉ်(၃၄) ပွဲကြိုသုံးသပ်ချက်

KMK

## ဆွမ်ဆီး Vs စတုတ်စီးတီး

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည၈း၃၀နာရီ)

ပထမအကျော့ရလဒ်

စတုတ်စီးတီး ၃ - ၁ ဆွမ်ဆီး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဆွမ်ဆီး - အိမ်(ရှုံး) ဝေး(ရှုံး) ဝေး(ရှုံး)

စတုတ်စီးတီး - ဝေး(ရှုံး) အိမ်(ရှုံး) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဆွမ်ဆီး | ၃၃ | ၈ | ၄ | ၂၁ | ၃၇ | ၆၈ | ၂၈ | ၁၈ |
| စတုတ်စီးတီး | ၃၃ | ၁၀ | ၉ | ၁၄ | ၃၇ | ၄၈ | ၃၉ | ၁၁ |

ဆွမ်ဆီးအသင်းဟာ တန်းမဆင်းရရေးအတွက် အခုပွဲစဉ်မှာ အနိုင်ရရှိဖို့လိုအပ်နေပါတယ်။ စတုတ်စီးတီးအသင်းကလဲ အဝေးကွင်းမှာ ခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းပြီး ခံစစ်ပိုင်းက ပေးဂိုးများနေတတ်ပါတယ်။ ဒါကြောင့် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ဖို့ အခုပွဲစဉ်မှာ မဖြစ်မနေနိုင်ပွဲပြန်ရှာလာမယ့် ဆွမ်ဆီးအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

အင်တာနက်ခန့်မှန်း - ဆွမ်ဆီး ၁ - ၀ စတုတ်စီးတီး

# အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်(၄၄) ပွဲကြိုသုံးသပ်ချက်များ

KMK

## ဟတ်ဒါဖီးလ် Vs ဖူလ်ဟမ်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၈း၃၀နာရီ)

ပထမအကျော့ရလဒ်

ဖူလ်ဟမ် ၅ - ၀ ဟတ်ဒါဖီးလ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဟတ်ဒါဖီးလ် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(သရေ)

ဖူလ်ဟမ် - အိမ်(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဟတ်ဒါဖီးလ် | ၄၂ | ၂၄ | ၆ | ၁၂ | ၅၄ | ၄၉ | ၇၈ | ၄ |
| ဖူလ်ဟမ် | ၄၃ | ၂၀ | ၁၃ | ၁၀ | ၇၈ | ၅၄ | ၇၃ | ၆ |

အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် ပရီးမီးယားလိဂ်တန်းတက်ဖို့အခွင့်အရေးကိုယ်စီရှိနေကြလို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဟတ်ဒါဖီးလ်အသင်းကတော့ ပရီးမီးယားလိဂ်တန်းတက်ခွင့်အတွက် အခွင့်အရေးပိုမိုရရှိနေလို့ အိမ်ကွင်းမှာ မဖြစ်မနေအနိုင်ရရှိအောင်ပြင်ဆင်လာမှာပါ။ ဖူလ်ဟမ်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာပြီး သုံးပွဲဆက်နိုင်ပွဲရယူထားပေမယ့် ခံစစ်ပိုင်းကတော့လိုအပ်ချက်တွေရှိနေဆဲပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးကစားလာမယ့် ဟတ်ဒါဖီးလ်အသင်းကိုပဲ အားပေးရမှာပါ။

အင်တာနက်ခန့်မှန်း - ဟတ်ဒါဖီးလ် ၁ - ၀ ဖူလ်ဟမ်

## နော်တင်ဟမ် Vs ရီဒင်း

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည၈း၃၀နာရီ)

ပထမအကျော့ရလဒ်

ရီဒင်း ၂ - ၀ နော်တင်ဟမ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ရီဒင်း - အိမ်(နိုင်) အိမ်(ရှုံး) ဝေး(ရှုံး)

နော်တင်ဟမ် - ဝေး(ရှုံး) ဝေး(နိုင်) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ရီဒင်း | ၄၃ | ၂၄ | ၇ | ၁၂ | ၆၁ | ၅၉ | ၇၉ | ၃ |
| နော်တင်ဟမ် | ၄၃ | ၁၂ | ၉ | ၂၂ | ၅၆ | ၆၈ | ၄၅ | ၂၁ |

အမှတ်ပေးဇယားအဆင့်(၃)နေရာက ရီဒင်းအသင်းအတွက် အဝေးကွင်းဆိုပေမယ့် ပရီးမီးယားလိဂ်တန်းတက်ဖို့အခွင့်အရေးအတွက် အခုပွဲစဉ်မှာ အနိုင်ရရှိဖို့လိုအပ်နေပါတယ်။ နော်တင်ဟမ်အသင်းကတော့ ခြေစွမ်းပိုင်းပုံမှန်အနေအထားမှာမရှိသေးပေမယ့် တန်းဆင်းဇုန်အထက်နားရောက်နေလို့ အကောင်းဆုံးတုံ့ပြန်လာမှာပါ။ ဒါပေမဲ့ ရီဒင်းအသင်းက လက်ရှိရမှတ်လိုအပ်မှုတွေမှာ ပိုမိုအရေးကြီးနေလို့ အနည်းဆုံးသရေရလဒ်ရရှိအောင်ကစားလာမယ့် ရီဒင်းအသင်းကိုပဲ အားပေးရမှာပါ။

အင်တာနက်ခန့်မှန်း - နော်တင်ဟမ် ၁ - ၂ ရီဒင်း

## ပရီးမီးယားလိဂ်ပွဲစဉ်(၃၄)ဇယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၂၂-၄-၂၀၁၇ | ည ၈း၃၀နာရီ | ဟူးလ်စီးတီး - ဝက်ဖို့ဒ် |
| ။ | ။ | ဝက်စ်ဟမ်း - အဲဗာတန် |

## အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်(၄၄)ဇယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၂၂-၄-၂၀၁၇ | ည၈း၃၀နာရီ | ဘရန်ဖို့ဒ် - ကျူပီအာ |
| ။ | ။ | ဘရစ္စတိုး - ဘန်စလေ |
| ။ | ။ | ဘာတန် - လီဒ် |
| ။ | ။ | ရိုသာဟမ် - အစ်ဝှစ်ချ် |
| ။ | ။ | ရှက်ဖီးလ်(W) - ဒါဘီ |
| ။ | ။ | ဝီဂန် - ကာဒစ် |
| ။ | ။ | ဝုဗ် - ဘလက်ဘန်း |

# မန်ယူအသင်း ဝါရင့်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ကို လော့အိန်ဂျလိစ်အက်ဖ်စီအသင်း ကမ်းလှမ်းရန် ပြင်ဆင်

ဝါရှင်တန် ဧပြီ ၂၀

အမေရိကန် အမှတ်ပေးပြိုင်ပွဲ မေဂျာလိဂ်၌ နာမည်ကြီးအသင်းတစ်သင်းဖြစ်သော လော့အိန်ဂျလိစ်အက်ဖ်စီအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း၏ ဝါရင့်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ကို တစ်ရာသီလျှင် လစာ စတာလင်ပေါင် ၄သန်းဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သိရသည်။

၎င်းအား ခေါ်ယူနိုင်ခဲ့ပါက မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အက်ဖ်စီအသင်းအနေဖြင့် မန်ယူအသင်း၌သာ အငှားစာချုပ်ဖြင့် ဆက်လက်ကစားခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အီဗရာဟီမိုဗစ်ချ်သည် လက်ရှိ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်အရ ယခုနှစ်ရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုရေးမှာ အခွင့်အရေးနည်းပါးလျက်ရှိသည်။

လော့အိန်ဂျလိစ်အက်ဖ်စီအသင်း ပိုင်ရှင် တွမ်ပန်က "ကျွန်တော်တို့အသင်းအနေနဲ့ တစ်ကမ္ဘာလုံးက သိကြတဲ့ ကစားသမားကို ခေါ်ယူဖို့အတွက် ပြင်ဆင်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ အီဗရာဟီမိုဗစ်ချ်ကိုခေါ်ယူသွားဖို့အတွက် တွေ့ဆုံဆွေးနွေးမှုတွေလုပ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက "သူဟာ ဘောလုံးအားကစားနဲ့ ပတ်သက်ပြီးသိပ်ကို စိတ်အားထက်သန်တဲ့ကစားသမားပါ။သူ့မှာရှိတဲ့ အရည်အသွေးက လော့အိန်ဂျလိစ်အက်ဖ်စီအသင်းရဲ့ ဂန္တဝင်တစ်ယောက်ဖြစ်လာနိုင်တဲ့ အရည်အသွေးမျိုးပါ။ သူ့ကိုခေါ်ယူဖို့ အဆင်ပြေပြီဆိုတာနဲ့ မေဂျာလိဂ်ပွဲစဉ်များ ရပ်နားချိန်မှာ ဥရောပမှာပြန်ကစားခွင့်ရအောင်လဲ စေလွှတ်ပေးသွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# စပိန်လာလီဂါ ပွဲစဉ်(၃၃) ပွဲကြိုသုံးသပ်ချက်များ

Z N

## မာလာဂါ Vs ဗလင်စီယာ

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ညနေ ၅:၃၀နာရီ)

ပထမအကျော့ရလဒ်

ဗလင်စီယာ ၂ - ၂ မာလာဂါ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

မာလာဂါ - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)

ဗလင်စီယာ - အိမ်(သရေ) ဝေး(နိုင်) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| မာလာဂါ | ၃၂ | ၈ | ၉ | ၁၅ | ၃၆ | ၄၉ | ၃၃ | ၁၅ |
| ဗလင်စီယာ | ၃၂ | ၁၁ | ၇ | ၁၄ | ၄၇ | ၅၄ | ၄၀ | ၁၁ |

မာလာဂါအသင်းက အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်ပေမယ့် ခံစစ်က စိတ်ချလို့မရသေးပါဘူး။ ဗလင်စီယာအသင်းကလဲ နောက်ဆုံးလေးပွဲမှာ သုံးပွဲနိုင်ပြီးတစ်ပွဲသရေကျထားတဲ့အထိ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာပါတယ်။ ဒါကြောင့် အဝေးကွင်းဆိုပေမယ့် ဗလင်စီယာအသင်း ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း** - မာလာဂါ ၂ - ၂ ဗလင်စီယာ

## ဗီလာရီးရဲလ် Vs လီဂါနက်စ်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၈:၄၅နာရီ)

ပထမအကျော့ရလဒ်

လီဂါနက်စ် ၀ - ၀ ဗီလာရီးရဲလ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဗီလာရီးရဲလ် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)

လီဂါနက်စ် - အိမ်(ရှုံး) ဝေး(ရှုံး) အိမ်(ရှုံး)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဗီလာရီးရဲလ် | ၃၁ | ၁၅ | ၉ | ၇ | ၄၅ | ၂၄ | ၅၄ | ၅ |
| လီဂါနက်စ် | ၃၂ | ၆ | ၉ | ၁၇ | ၂၆ | ၄၉ | ၂၇ | ၁၇ |

ဗီလာရီးရဲလ်အသင်းဟာ ဥရောပဝင်ခွင့်ရဖို့ အခုအိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းဖို့ လိုအပ်နေပါတယ်။ လီဂါနက်စ်အသင်းကလဲ တန်းဆင်းဇုန်ကလွတ်အောင် ကြိုးစားကစားနေတယ်ဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရသေးပါဘူး။ ဒါကြောင့် ဗီလာရီးရဲလ်အသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း** - ဗီလာရီးရဲလ် ၂ - ၁ လီဂါနက်စ်

## အက်စ်ပန်ညို Vs အေတီကို

ကစားမည့်ရက်/အချိန် ၂၃-၄-၂၀၁၇ (နံနက် ၁:၁၅နာရီ)

ပထမအကျော့ရလဒ်

အေတီကို ၀ - ၀ အက်စ်ပန်ညို

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

အက်စ်ပန်ညို - ဝေး(နိုင်) အိမ်(နိုင်) ဝေး(ရှုံး)

အေတီကို - ဝေး(သရေ) အိမ်(နိုင်) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| အက်စ်ပန်ညို | ၃၂ | ၁၃ | ၁၀ | ၉ | ၄၄ | ၄၂ | ၄၉ | ၉ |
| အေတီကို | ၃၂ | ၁၉ | ၈ | ၅ | ၅၉ | ၂၄ | ၆၅ | ၃ |

အက်စ်ပန်ညိုအသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားလို့ ယူရိုပါလိဂ်မျှော်လင့်ချက်ရှိနေပါတယ်။ အေတီကိုအသင်းကတော့ အဝေးကွင်းတိုက်စစ်က ဂိုးရဖို့ ခက်ခဲတတ်သလို ကြားရက်မှာလဲ ချန်ပီယံလိဂ်ပြိုင်ပွဲကစားထားရလို့ ပွဲပန်းလာနိုင်ပါတယ်။ ဒါကြောင့် အိမ်ရှင် အက်စ်ပန်ညိုအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း** - အက်စ်ပန်ညို ၁ - ၂ အေတီကို

# ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၃၀) ပွဲကြိုသုံးသပ်ချက်များ

Z N

## ဘိုင်ယန်မြူးနစ် Vs မိန့်ဇ်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၈:၀၀နာရီ)

ပထမအကျော့ရလဒ်

မိန့်ဇ် ၁ - ၃ ဘိုင်ယန်မြူးနစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဘိုင်ယန်မြူးနစ် - ဝေး(နိုင်) ဝေး(သရေ) အိမ်(ရှုံး)

မိန့်ဇ် - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(ရှုံး)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၂၉ | ၂၁ | ၆ | ၂ | ၆၁ | ၁၅ | ၆၉ | ၁ |
| မိန့်ဇ် | ၂၉ | ၉ | ၅ | ၁၅ | ၃၇ | ၄၇ | ၃၂ | ၁၅ |

ဘိုင်ယန်မြူးနစ်အသင်းရဲ့ခြေစွမ်းက အဝေးကွင်းမှာ စိတ်မချရပေမယ့် အိမ်ကွင်းမှာတော့ ရှုံးပွဲမရှိဘဲ တိုက်စစ်ထက်မြက်ပါတယ်။ ဒါ့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲကလဲ ထွက်ခဲ့ရပြီမို့ ပြည်တွင်းအမှတ်ပေးပွဲကို အာရုံပြန်စိုက်လာမှာပါ။ တန်းဆင်းဇုန်အထက် အဆင့်(၁၅)နေရာမှာ ရပ်တည်နေတဲ့ မိန့်ဇ်အသင်းကတော့ ခံစစ်ပျက်ယွင်းနေတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း** - ဘိုင်ယန်မြူးနစ် ၂ - ၀ မိန့်ဇ်

## ဂလာဘတ် Vs ဒေါ့မွန်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၁၁:၀၀နာရီ)

ပထမအကျော့ရလဒ်

ဒေါ့မွန် ၄ - ၁ ဂလာဘတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဂလာဘတ် - ဝေး(ရှုံး) ဝေး(နိုင်) အိမ်(နိုင်)

ဒေါ့မွန် - ဝေး(ရှုံး) အိမ်(နိုင်) အိမ်(ရှုံး)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဂလာဘတ် | ၂၉ | ၁၁ | ၆ | ၁၂ | ၃၇ | ၄၁ | ၃၉ | ၉ |
| ဒေါ့မွန် | ၂၉ | ၁၅ | ၈ | ၆ | ၆၂ | ၃၃ | ၅၃ | ၄ |

ဂလာဘတ်အသင်းဟာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပြီး အသင်းလိုက်စုစည်းမှုအားလည်း ကောင်းမွန်လာပါတယ်။ ဒေါ့မွန်အသင်းကတော့ ဒီရာသီ အဝေးကွင်းခြေစွမ်းစိတ်ချလို့မရပါဘူး။ ဒါကြောင့် ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်လာမယ့် ဂလာဘတ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း** - ဂလာဘတ် ၁ - ၂ ဒေါ့မွန်

## ဟာသာဘာလင် Vs ဝုဖ်ဘတ်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၈:၀၀နာရီ)

ပထမအကျော့ရလဒ်

ဝုဖ်ဘတ် ၂ - ၃ ဟာသာဘာလင်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဟာသာဘာလင် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(ရှုံး)

ဝုဖ်ဘတ် - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(ရှုံး)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဟာသာဘာလင် | ၂၉ | ၁၃ | ၄ | ၁၂ | ၃၇ | ၃၅ | ၄၃ | ၅ |
| ဝုဖ်ဘတ် | ၂၉ | ၉ | ၆ | ၁၄ | ၃၀ | ၄၂ | ၃၃ | ၁၃ |

ဟာသာဘာလင်အသင်းက ဒီရာသီအိမ်ကွင်းရှုံးပွဲ နှစ်ပွဲသာရှိထားပြီး တိုက်စစ်ကလဲ ထက်မြက်မှုရှိပါတယ်။ ဝုဖ်ဘတ်အသင်းကတော့ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းအားနည်းတတ်တာကြောင့် တန်းဆင်းဇုန်နဲ့ နီးကပ်နေပါတယ်။ ဟာသာဘာလင်အသင်းအနေနဲ့ အိမ်ကွင်းခြေစွမ်းကောင်းမွန်တယ်ဆိုပေမယ့် အမှတ်လိုအပ်နေတဲ့ ဝုဖ်ဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း** - ဟာသာဘာလင် ၂ - ၁ ဝုဖ်ဘတ်

## အင်ဂိုစတက် Vs ဝါဒါဘရီမင်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၈:၀၀နာရီ)

ပထမအကျော့ရလဒ်

ဝါဒါဘရီမင် ၂ - ၁ အင်ဂိုစတက်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

အင်ဂိုစတက် - ဝေး(ရှုံး) အိမ်(နိုင်) ဝေး(နိုင်)

ဝါဒါဘရီမင် - အိမ်(နိုင်) ဝေး(သရေ) အိမ်(နိုင်)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| အင်ဂိုစတက် | ၂၉ | ၈ | ၄ | ၁၇ | ၃၁ | ၅၀ | ၂၈ | ၁၇ |
| ဝါဒါဘရီမင် | ၂၉ | ၁၁ | ၆ | ၁၂ | ၄၆ | ၄၉ | ၃၉ | ၈ |

အင်ဂိုစတက်အသင်းဟာ ကြိုးစားကစားနေတယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပြန်လည်ထက်မြက်လာတဲ့ ဝါဒါဘရီမင်အသင်းကို အနိုင်ရဖို့ မလွယ်ကူပါဘူး။ ဒါ့ပြင် ဝါဒါဘရီမင်အသင်းဟာ နောက်ဆုံးရှစ်ပွဲမှာ ရှုံးပွဲမရှိခဲ့ဘဲ ခုနစ်ပွဲအနိုင်ရခဲ့တာမို့ အင်ဂိုစတက်အသင်း ရလဒ်မကောင်းနိုင်ပါဘူး။

**အင်တာနက်ခန့်မှန်း** - အင်ဂိုစတက် ၁ - ၁ ဝါဒါဘရီမင်

## ဖရန့်ဖတ် Vs အော့စ်ဘတ်

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၈:၀၀နာရီ)

ပထမအကျော့ရလဒ်

အော့စ်ဘတ် ၁ - ၁ ဖရန့်ဖတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဖရန့်ဖတ် - ဝေး(ရှုံး) အိမ်(သရေ) ဝေး(ရှုံး)

အော့စ်ဘတ် - အိမ်(နိုင်) ဝေး(ရှုံး) အိမ်(ရှုံး)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ဖရန့်ဖတ် | ၂၉ | ၁၀ | ၈ | ၁၁ | ၂၉ | ၃၃ | ၃၈ | ၁၀ |
| အော့စ်ဘတ် | ၂၉ | ၈ | ၈ | ၁၃ | ၂၈ | ၄၆ | ၃၂ | ၁၆ |

ဖရန့်ဖတ်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်း ဆိုးရွားနေပါတယ်။ အော့စ်ဘတ်အသင်းကတော့ နောက်ပိုင်းပွဲတွေကို ကြိုးစားကစားလာပေမယ့် ခံစစ်ပိုင်းကိုတော့ပြင်ဆင်နိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် နိုင်ပွဲပြန်ရှာဖွေမယ့် ဖရန့်ဖတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း** - ဖရန့်ဖတ် ၂ - ၁ အော့စ်ဘတ်

# ပြင်သစ်လီဂူးပွဲစဉ်(၃၄) ပွဲကြိုသုံးသပ်ချက်

S T A

## ပီအက်စ်ဂျီ Vs မောင့်ပယ်လီယာ

ကစားမည့်ရက်/အချိန် ၂၂-၄-၂၀၁၇ (ည ၉:၃၀နာရီ)

ပထမအကျော့ရလဒ်

မောင့်ပယ်လီယာ ၃ - ၀ ပီအက်စ်ဂျီ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ပီအက်စ်ဂျီ - အိမ်(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

မောင့်ပယ်လီယာ - ဝေး(ရှုံး) အိမ်(ရှုံး) အိမ်(ရှုံး)

### နှစ်သင်းရပ်တည်မှု အခြေအနေ

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ပီအက်စ်ဂျီ | ၃၃ | ၂၄ | ၅ | ၄ | ၆၉ | ၂၃ | ၇၆ | ၂ |
| မောင့်ပယ်လီယာ | ၃၃ | ၁၀ | ၉ | ၁၄ | ၄၇ | ၅၅ | ၃၉ | ၁၂ |

လက်ရှိမှာ ပီအက်စ်ဂျီအသင်းဟာ အမှတ်ပေးဖလားထိပ်ဆုံးကို ယာယီတက်လှမ်းဖို့အတွက် အစွမ်းကုန်ကြိုးစားလာမှာပါ။ မောင့်ပယ်လီယာအသင်းကတော့ ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ အသင်းတစ်သင်းဖြစ်လို့ ပီအက်စ်ဂျီအသင်း အိမ်ကွင်းမှာ သရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် ပီအက်စ်ဂျီအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း** - ပီအက်စ်ဂျီ ၃ - ၀ မောင့်ပယ်လီယာ

## ပြင်သစ်လီဂူးပွဲစဉ်(၃၄)ယှဉ်ယား

| ရက်စွဲ | အချိန် | အသင်း |
|---|---|---|
| ၂၃-၄-၂၀၁၇ | ည ၁၂:၃၀နာရီ | ဘော်ဒိုး - ဘတ်စ်တီးယား |
| ။ | ။ | ကိန်း - နန့်တက် |
| ။ | ။ | ဒီရွန် - အန်ဂါ |
| ။ | ။ | လိုင်လီ - ဂူအင်ဂမ့် |
| ။ | ။ | လိုရီယန့် - မက်စ် |

# စနေညပွဲစဉ်တွေထဲက အကြိုက်ဆုံး(၃)သင်းကို ရှာဖွေခံစားခြင်း

ဇော်ရန်ကင်း




ဥရောပဘောလုံးပွဲတွေကတော့ ရာသီကုန်ဆုံးဖို့ နီးလာတာနဲ့အမျှ တော်တော်လေး အကြိတ်အနယ်ရှိနေတာကို တွေ့ရပါတယ်။အထူးသဖြင့် တန်းဆင်းရမယ့်အရေးအတွက် ရုန်းကန်နေရတဲ့ အသင်းတွေရဲ့ ရုန်းကန်မှုက ပိုပြင်းထန်နေပြီး တချို့သောလိဂ်တွေမှာတော့ ဥရောပတန်းဝင်ခွင့်အတွက် အပြိုင်အဆိုင်ဖြစ်နေသေးတာကိုတွေ့ရသလို ချန်ပီယံဘွဲ့အတွက် သေချာပေါက်ဆိုတာမျိုးပြောလို့ မရသေးတဲ့ လိဂ်တချို့ ကျန်နေသေးတာကိုလည်း တွေ့ရပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါမှာဆိုရင် တန်းမဆင်းရရေးအတွက် အပြိုင်ရုန်းနေရတဲ့ ကလပ်က ငါးသင်းလောက်ကျန်နေသေးပြီး ပရီးမီးယားလိဂ်မှာတော့ ချန်ပီယံဖြစ်ရေးနဲ့ လာမယ့်နှစ် ဥရောပချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် ပြိုင်ဆိုင်မှုတွေက နောက်ဆုံးပွဲစဉ်ကို ယှဉ်ပြိုင်ကစားတဲ့အထိ ဆက်ရှိနေဦးမှာ သေချာသလောက်ရှိနေပါတယ်။ လာလီဂါမှာဆိုရင်လဲ ရီးရဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့ရဲ့ ချန်ပီယံဖြစ်ရေး ပြိုင်ဆိုင်မှုက အဆုံးမသတ်သေးသလို စီးရီးအေမှာကတော့ တန်းဆင်းရမယ့်နေရာတစ်နေရာအတွက် အသင်းနှစ်သင်းလောက်ပဲ ရုန်းကန်ရဖို့ကျန်ရှိနေတော့တာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ အင်္ဂလန်မှာ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွေလည်း ကစားဖို့ရှိနေပြီး အဲဒီပွဲစဉ်တွေထဲကမှ အကြိုက်ဆုံးသုံးသင်းကို ရွေးချယ်ရမယ်ဆိုရင်တော့ . . .

### ဘုန်းမောက်ကို ရွေးချင်တယ်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲမှာ စိတ်ဝင်စားမိတဲ့ ပွဲစဉ်ကတော့ ဘုန်းမောက်နဲ့ မစ်ဒယ်ဘရောတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘုန်းမောက်အသင်းက သရေကျရင် ရာနှုန်းပြည့်ဆုံးရှုံးမယ်လို့ အကျော့ပေးထားခဲ့ပြီး လက်ရှိအနေအထားအရ ဘုန်းမောက်အနေနဲ့ ဒီပွဲမှာ အနိုင်ရသွားလောက်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ပွဲစဉ်(၁၀)ရဲ့ ဒုတိယအကျော့ပွဲစဉ်ဖြစ်ပြီး ပထမအကျော့ကတော့ အိမ်ကွင်းမှာ မစ်ဒယ်ဘရောက နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရထားခဲ့ပါတယ်။

လက်ရှိ သူတို့နှစ်သင်းရဲ့ အနေအထားကိုကြည့်မယ်ဆိုရင်တော့ မစ်ဒယ်ဘရောဟာ လောလောဆယ်မှာ တန်းဆင်းဇုန်ထဲ ရောက်နေပါတယ်။ ဘုန်းမောက်ကတော့ အမှတ်ပေးဇယားရဲ့အဆင့် (၁၆)နေရာမှာ ရပ်တည်နေပြီး အဆင့် (၁၈)နေရာက ဆွမ်ဆီးအသင်းနဲ့ ခုနစ်မှတ်ကွာ အနေအထားမှာ ရပ်တည်နေပါတယ်။ဒါကြောင့် ဘုန်းမောက်အနေနဲ့ ဒီပွဲစဉ်ကိုမဖြစ်မနေ အနိုင်ကစားဖို့ လိုအပ်နေသလို မစ်ဒယ်ဘရောကလဲ အဆင့် (၁၇)နေရာက ဟူးလ်စီးတီးနဲ့ ခြောက်မှတ်သာကွာတာမို့ ဒီပွဲအပါအဝင် လက်ကျန်ပွဲစဉ်တွေကို အသည်းအသန်ခံကစားဖို့ သေချာသလောက်ရှိနေပါတယ်။

ဒီတစ်ပတ်ကစားမယ့် အဝေးကွင်းပွဲစဉ်မှာသာ အာဆင်နယ်နဲ့ ပွဲတုန်းကလို ခြေစွမ်းမျိုးပြန်ရခဲ့မယ်ဆိုရင် ဘုန်းမောက်အနေနဲ့ အနိုင်ရဖို့ဆိုတာ တော်တော်ဖြစ်နိုင်ခြေနည်းသွားမှာဖြစ်ပါတယ်။ဒါပေမဲ့ အိမ်ကွင်းခြေစွမ်းနဲ့ အဝေးကွင်းခြေစွမ်းကွာဟမှုက တော်တော်လေးကြီးမားနေပြီး အခုလို တန်းဆင်းဇုန်ထဲ ရောက်နေရတာဟာလဲ အဝေးကွင်းရောက်ရင် တစ်သင်းလုံး ဟန်ချက်ပျက်ပြီး မလိုအပ်ဘဲ ရုန်းကန်နေရတာကြောင့် ပဲဖြစ်ပါတယ်။ မစ်ဒယ်ဘရောအသင်းဟာ ဒီနှစ်ဘောလုံးရာသီ အဝေးကွင်းမှာ နိုင်ပွဲတစ်ပွဲသာရသေးတဲ့ အသင်းဖြစ်ပြီး အဲဒါကလဲ ရာသီအစပွဲစဉ်မှာဖြစ်ပါတယ်။ ဒါကြောင့် အဝေးကွင်းကစားအားကောင်းအောင် လူနေရာချထားမှုတွေ ပေါင်းစုံလုပ်ခဲ့ပေမယ့် အခုချိန်ထိ ရလဒ်ကောင်း မရဘဲဖြစ်နေခဲ့ပါတယ်။ မစ်ဒယ်ဘရောဟာ အခုဆိုရင် ပရီးမီးယားလိဂ်မှာ နိုင်ပွဲပျောက်ဆုံးနေခဲ့တာ ၁၅ပွဲ ဆက်တိုက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ တိုက်စစ်ပိုင်းက ခြေစွမ်းပြနိုင်တော့လဲ နောက်တန်းက မလုံ၊ နောက်တန်းက ဂိုးမပေးရတော့လဲ တိုက်စစ်က ဂိုးမသွင်းနိုင်ဖြစ်နေခဲ့တာကြောင့် နည်းပြသစ်ခန့်အပ်ခဲ့ပေမယ့် ရလဒ်ကောင်းမွန်လာခြင်းမရှိဘဲ နိုင်ပွဲတွေ ဆက်လက်ပျောက်ဆုံးနေဆဲပဲဖြစ်ပါတယ်။ အခုဆိုရင် နည်းပြသစ်ကအသင်းကို ကိုင်တွယ်တာ ငါးပွဲရှိသွားခဲ့ပြီဖြစ်ပေမယ့် နိုင်ပွဲကတော့ ပျောက်ဆုံးနေဆဲဖြစ်ပါတယ်။

ဘုန်းမောက်ကတော့ ခံစစ်ပိုင်းက တော်တော်လေးဆိုးရွားနေပြီး နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲမှာ နှစ်ပွဲသာ ဂိုးမပေးရတဲ့ ပွဲရှိပါတယ်။ဒါပြင် အိမ်ကွင်းမှာ အနိုင်ရလိုစိတ်နဲ့ဖွင့်တိုက်တာကြောင့် နောက်ဆုံး ရှစ်ပွဲမှာ ခုနစ်ပွဲက နှစ်ဂိုးနဲ့အထက်ပေးထားရပြီး ကျန်တဲ့တစ်ပွဲကတော့ ဆွမ်ဆီးကို နှစ်ဂိုး ဂိုးမရှိနဲ့ နိုင်ထားခဲ့တာဖြစ်ပါတယ်။ ဒါပြင် တိုက်စစ်က အားကောင်းတောင်းနဲ့ ဖွင့်တိုက်တာကြောင့် နောက်ဆုံးသုံးပွဲမှာ တစ်ပွဲသာရှုံးပြီး အဲဒီအသင်းကလဲ ချဲလ်ဆီးဖြစ်နေပါတယ်။ ဒါကြောင့် အဝေးကွင်းရောက်ရင် ခံစစ်ရောတိုက်စစ်ပါ ခြေစွမ်းပျောက်ဆုံးလေ့ရှိတဲ့ မစ်ဒယ်ဘရောကို အနိုင်ရသွားလိမ့်မယ်လို့ သုံးသပ်လိုက်ရပါတယ်။ ဘုန်းမောက်ကိုပဲ ရွေးသင့်တဲ့ပွဲပါ။

**ဘုန်းမောက်ရဲ့နောက်ဆုံး အိမ်ကွင်း(၅)ပွဲရလဒ်**

| | | |
|---|---|---|
| ဘုန်းမောက် | ၁-၃ | ချဲလ်ဆီး |
| ဘုန်းမောက် | ၂-၀ | ဆွမ်ဆီး |
| ဘုန်းမောက် | ၃-၂ | ဝက်စ်ဟမ်း |
| ဘုန်းမောက် | ၀-၂ | မန်စီးတီး |
| ဘုန်းမောက် | ၀-၂ | ပဲလေ့စ် |

**မစ်ဒယ်ဘရောရဲ့နောက်ဆုံး အဝေးကွင်း (၅)ပွဲရလဒ်**

| | | |
|---|---|---|
| ဟူးလ်စီးတီး | ၂-၀ | မစ်ဒယ်ဘရော |
| ဆွမ်ဆီး | ၀-၀ | မစ်ဒယ်ဘရော |
| စတုတ် | ၂-၀ | မစ်ဒယ်ဘရော |
| ပဲလေ့စ် | ၁-၀ | မစ်ဒယ်ဘရော |
| စပါး | ၁-၀ | မစ်ဒယ်ဘရော |

### ဟမ်းဘတ်ကို ကြိုက်တယ်

ဒီတစ်ပတ်စနေည ဘွန်ဒက်လီဂါပွဲစဉ်တွေထဲမှာ စိတ်ဝင်စားမိတဲ့ ပွဲစဉ်ကတော့ ဟမ်းဘတ်နဲ့ ဒမ်စတက်တို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ဒမ်စတက်အသင်းအတွက် လာမယ့်နှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါမှာ တင်ကျန်နိုင်ရေးအတွက် နောက်ဆုံးမျှော်လင့်ချက်ဖြစ်ပြီး ဒီပွဲမှာသာ အနိုင်မရခဲ့ဘူးဆိုရင် နောက်ထပ်ကစားရမယ့်ပွဲစဉ်တွေမှာ ဘယ်လိုရလဒ်ထွက်ပေါ်သည်ဖြစ်စေ ဒမ်စတက်အနေနဲ့ သေချာပေါက် တန်းဆင်းရတော့မှာဖြစ်ပါတယ်။ အဲဒီလိုပဲ ဟမ်းဘတ်အသင်းကလဲ ဒီပွဲကရနိုင်ဖွယ်ရှိတဲ့ အမှတ်သုံးမှတ်ဟာ သူတို့အသင်းလာမယ့်နှစ် ဘွန်ဒက်လီဂါမှာ တင်ကျန်နိုင်ရေးအတွက် အရေးပါနေတာမို့ မဖြစ်မနေအနိုင်ကစားဖို့ လိုအပ်နေပြီး တကယ်လို့များ ဒီပွဲမှာသာ အနိုင်ရလိုက်ရင် တန်းဆင်းဇုန်က လွတ်ဖို့ တော်တော်လေးအခြေအနေကောင်းသွားမှာမို့ အစွမ်းကုန်ကစားဖို့ သေချာသလောက်ရှိနေပါတယ်။

ဒီပွဲစဉ်ဟာ ပွဲစဉ် (၁၃)ရဲ့ ဒုတိယအကျော့ဖြစ်ပြီး ပထမအကျော့တုန်းကတော့ ဟမ်းဘတ်က နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရထားခဲ့ပါတယ်။ အဲဒီပွဲစဉ်ဟာ ဟမ်းဘတ်အသင်းအတွက် ဒီနှစ်ဘောလုံးရာသီမှာ ပထမဆုံးအနိုင်ရရှိခဲ့တဲ့ ပွဲစဉ်ဖြစ်ခဲ့ပါတယ်။

ဒမ်စတက်အသင်းဟာ လိဂ်ဖလားပြိုင်ပွဲတွေမှာ ဟမ်းဘတ်ကို တစ်ကြိမ်သာ အနိုင်ရထားခဲ့ပါတယ်။ ၁၀ ကြိမ်တွေ့မှုမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျပြီး ကျန်ခြောက်ပွဲကို ရှုံးနိမ့်ထားခဲ့ပါတယ်။ ဒါပြင် သူတို့နှစ်သင်း အခုလို တန်းဆင်းဇုန်တိုက်ပွဲတွေမှာ နှစ်ကြိမ်ဆုံထားခဲ့ဖူးကာ အဲဒီနှစ်ကြိမ်စလုံးမှာလဲ ဟမ်းဘတ်ကပဲ အနိုင်ရထားခဲ့တာကြောင့် အစဉ်အလာအားဖြင့်ကြည့်မယ်ဆိုရင်လဲ ဟမ်းဘတ်ကပဲ သိသိသာသာ အသာစီးရထားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ကစားမယ့် ပွဲစဉ်မှာ ဟမ်းဘတ်အသင်းရဲ့ အဓိကကစားသမား ပါပါဒူပူးလော့စ်ဟာ အသင်းနဲ့အတူ ပြန်လည်ပွဲထွက်လာဖို့ရှိနေပြီး သူပါဝင်ကစားခွင့်ရတဲ့ ပွဲစဉ်တွေမှာ ဟမ်းဘတ်ဟာ တစ်ကြိမ်မှမရှုံးသေးဘဲ ခြောက်ပွဲနိုင် နှစ်ပွဲသရေကျထားခဲ့ပါတယ်။

ဟမ်းဘတ်ဟာ အခုဆိုရင် နည်းပြသစ်လက်ထက် အိမ်ကွင်းမှာ အထူးခြေစွမ်းပြနေပြီး စုစုပေါင်း ကိုးပွဲကစားခဲ့ရာမှာ ခုနစ်ပွဲနိုင် နှစ်ပွဲ သရေကျထားခဲ့ပါတယ်။ ဒီပွဲမှာ အိမ်ရှင်ဟမ်းဘတ်က တစ်ဂိုးတည်းနဲ့ နိုင်ရင် တစ်ဝက်လောက်နစ်နာမယ်လို့ အကျော့ပေးထားခဲ့ပြီး လက်ရှိသူတို့နှစ်သင်းရဲ့ခြေစွမ်း၊ အစဉ်အလာနဲ့ စိတ်ဓာတ်ပိုင်းမှာ အသာစီးရထားတာ ဟမ်းဘတ်ဖြစ်ပါတယ်။ အဝေးကွင်း ကစားအားမကောင်းတဲ့အပြင် ပွဲတိုင်းနီးပါး နှစ်ဂိုးနဲ့အထက်ပေးထားရတဲ့ ဒမ်စတက်ကို နှစ်ဂိုးပြတ်လောက်နဲ့တော့ အနိုင်ရသွားလိမ့်မယ်လို့ သုံးသပ်မိတာကြောင့် ဟမ်းဘတ်ကိုပဲ အကြိုက်တွေ့မိပါတယ်။

**ဟမ်းဘတ်ရဲ့အိမ်ကွင်း နောက်ဆုံး (၅)ပွဲရလဒ်**

| | | |
|---|---|---|
| ဟမ်းဘတ် | ၂-၁ | ဟော်ဖန်ဟိန်း |
| ဟမ်းဘတ် | ၂-၁ | ကိုလုံး |
| ဟမ်းဘတ် | ၂-၁ | ဂလာဘတ် |
| ဟမ်းဘတ် | ၁-၀ | ဟာသာဘာလင် |
| ဟမ်းဘတ် | ၁-၂ | ဂလာဘတ် |

**ဒမ်စတက်ရဲ့အဝေးကွင်း နောက်ဆုံး (၅)ပွဲရလဒ်**

| | | |
|---|---|---|
| အင်ဂိုစတက် | ၃-၂ | ဒမ်စတက် |
| လိုက်ပ်ဇစ် | ၄-၀ | ဒမ်စတက် |
| ဝုဖ်ဘတ် | ၁-၀ | ဒမ်စတက် |
| ဝါဒါဘရီမင် | ၂-၀ | ဒမ်စတက် |
| ဟော်ဖန်ဟိန်း | ၂-၀ | ဒမ်စတက် |

### ဂီဂျွန် မရှုံးလောက်ဘူး

ဒီတစ်ပတ် လာလီဂါပွဲစဉ်တွေထဲမှာ စိတ်ဝင်စားမိတဲ့ ပွဲစဉ်ကတော့ တန်းဆင်းဇုန်ထဲက အသင်းနှစ်သင်းဖြစ်တဲ့ အိုဆာဆူနာနဲ့ ဂီဂျွန်တို့ရဲ့ တွေ့ဆုံမှုပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းရဲ့ အနေအထားကိုကြည့်မယ်ဆိုရင် ဂီဂျွန်က အဆင့် (၁၈)နေရာမှာ ရပ်တည်နေပြီး အိုဆာဆူနာကတော့ အဆင့်(၂၀)မှာ ရပ်တည်နေပါတယ်။ ဂီဂျွန်က အဆင့်(၁၇) နေရာက လီဂါနက်စ်နဲ့ ငါးမှတ်ကွာဟနေတာကြောင့် ဒီပွဲကိုနိုင်လိုက်ရင် အမှတ်ကွာဟချက် ပိုမိုကျဉ်းမြောင်းသွားဖို့ သေချာသလောက်ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ လီဂါနက်စ်ဟာ ဒီတစ်ပတ်ပွဲစဉ်မှာ ဗီလာရီးရဲလ်နဲ့ အဝေးကွင်းပွဲစဉ်ကို ကစားရမှာဖြစ်ပါတယ်။ အိုဆာဆူနာကတော့ ဒီပွဲရဲ့ အနိုင်အရှုံးက သူတို့အသင်းအတွက် ကြီးမားတဲ့ အပြောင်းအလဲဖြစ်လာဖို့မရှိဘဲ လက်ကျန်ပွဲစဉ်တွေအားလုံးကို နိုင်ရင်တောင် လာလီဂါမှာ တင်ကျန်ဖို့ဆိုတာ အမှတ်ပေးဇယား အထက်ကအသင်းတွေ ဆက်တိုက်ရှုံးပွဲကြုံမှပဲဖြစ်လာနိုင်မှာပါ။ဒီပွဲစဉ်မှာ ကြိုက်ရာကို ရွေးနိုင်တယ်လို့ အကျော့ပေးထားခဲ့ပြီး အဝေးကွင်းမှာ ခြေစွမ်းကျဆင်းနေတဲ့ ဂီဂျွန်ကို အိုဆာဆူနာက တဲ့သဘောမျိုး ပေးထားတာကြောင့် ပျော့လွန်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီပွဲစဉ်ဟာ ပွဲစဉ် (၁၄)ရဲ့ ဒုတိယအကျော့ပွဲစဉ်ဖြစ်ပြီး ပထမအကျော့ကတော့ ဂီဂျွန်က ၃-၁ နဲ့ အနိုင်ရထားခဲ့ပါတယ်။ သူတို့နှစ်သင်းရဲ့ လက်ရှိခြေစွမ်းကို ကြည့်မယ်ဆိုရင်တော့ အိုဆာဆူနာဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ လီဂါနက်စ်ကို အိမ်ကွင်းမှာ အနိုင်ရထားခဲ့ပြီး သူတို့အသင်းဟာ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်တွေမှာ နှစ်ပွဲဆက် တစ်ကြိမ်မျှအနိုင်ရမထားတဲ့ မှတ်တမ်းဆိုးလဲ ရှိထားခဲ့ပါတယ်။ ဂီဂျွန်ကတော့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်ရှုံးထားခဲ့ပြီး မာလာဂါ၊ ဆိုစီဒက်၊ ရီးရဲလ်မက်ဒရစ်လို အသင်းတွေကို ရှုံးထားခဲ့တာပါ။ အဲဒီအသင်းတွေဟာ သူတို့ အခုရင်ဆိုင်ရမယ့် အိုဆာဆူနာနဲ့နှိုင်းယှဉ်ရင် ခြေစွမ်းအများကြီး ပိုသာတာမို့ အဝေးကွင်းပွဲစဉ်ဖြစ်ပေမယ့်လဲ အိုဆာဆူနာကို အကောင်းဆုံး ရင်ဆိုင်သွားလိမ့်မယ်လို့ သုံးသပ်ရပါတယ်။

ဒီတစ်ပတ်ပွဲစဉ်မှာ ဂီဂျွန်ဟာ အကောင်းဆုံးပုံစံနဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။အိုဆာဆူနာဟာ ဒီနှစ်ဘောလုံးရာသီမှာ နည်းပြသုံးဦး အပြောင်းအလဲလုပ်ထားခဲ့ပြီး လက်ရှိကိုင်တွယ်နေတဲ့ နည်းပြလက်ထက်ကျမှ ပထမဆုံးအကြိမ် အိမ်ကွင်းနိုင်ပွဲရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပြင် သူကိုင်တွယ်ခဲ့တဲ့ ကာလတစ်ခုလုံးမှာ ပထမဆုံးနိုင်ပွဲရအောင် စွမ်းဆောင်ခဲ့တာလဲဖြစ်ပါတယ်။ ဂီဂျွန်ကတော့ လက်ရှိနည်းပြသစ်လက်ထက်မှာ ပထမဆုံးအကြိမ် သုံးပွဲဆက်ရှုံးနိမ့်ခဲ့ပြီ ဖြစ်တာကြောင့် တန်းမဆင်းရရေးအတွက် အသည်းအသန် ရုန်းကန်နေရပါတယ်။ ဒါပေမဲ့ သူတို့ရှုံးခဲ့တဲ့ အသင်းတွေက ဒီတစ်ပတ်ရင်ဆိုင်ရမယ့် အိုဆာဆူနာထက် ခြေစွမ်းမြင့်မားတဲ့ အသင်းတွေဖြစ်တာကြောင့် ဒီပွဲမှာ အနိမ့်ဆုံးသရေတော့ ခံကစားသွားနိုင်လိမ့်မယ်လို့ သုံးသပ်ရပါတယ်။

**အိုဆာဆူနာရဲ့နောက်ဆုံး အိမ်ကွင်း (၅)ပွဲရလဒ်**

| | | |
|---|---|---|
| အိုဆာဆူနာ | ၂-၁ | လီဂါနက်စ် |
| အိုဆာဆူနာ | ၀-၂ | ဘီလ်ဘာအို |
| အိုဆာဆူနာ | ၁-၁ | အီဘာ |
| အိုဆာဆူနာ | ၁-၄ | ဗီလာရီးရဲလ် |
| အိုဆာဆူနာ | ၁-၃ | ရီးရဲလ်မက်ဒရစ် |

**ဂီဂျွန်ရဲ့နောက်ဆုံး အဝေးကွင်း(၅)ပွဲရလဒ်**

| | | |
|---|---|---|
| ဆိုစီဒက် | ၃-၁ | ဂီဂျွန် |
| ဆီဗီလာ | ၀-၀ | ဂီဂျွန် |
| ဗလင်စီယာ | ၁-၁ | ဂီဂျွန် |
| ဘာစီလိုနာ | ၆-၁ | ဂီဂျွန် |
| လီဂါနက်စ် | ၀-၂ | ဂီဂျွန် |

# 'ပြောရဲဆိုရဲရပ်ကွက်' ရုပ်ရှင်ဇာတ်ကားအတွက် အကယ်ဒမီလူမင်း ဆံပင်ပုံစံနှင့်ဖက်ရှင်ပြောင်းလဲလိုက်ရ



ရန်ကုန် ဧပြီ ၂၀

အကယ်ဒမီ လူမင်းက 'ပြောရဲဆိုရဲရပ်ကွက်'ရုပ်ရှင် ဇာတ်ကားအတွက် ဆံပင်ပုံစံ အပါအဝင် ဖက်ရှင်ပါပြောင်းလဲ ပစ်လိုက်ရကြောင်း ပြောပြ၍ သိရသည်။

'အခုပြောင်းလိုက်တဲ့ဖက်ရှင်ကတော့ နှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့မှာစရိုက်တဲ့ 'ပြောရဲဆိုရဲ ရပ်ကွက်'ဇာတ်ကားမှာ အဝတ်အစား ဆံပင်ပုံစံအသစ်နဲ့သရုပ်ဆောင်ချင်လို့ ကာရိုက်တာချိန်းထားတာပါ။ ကျွန်တော့် ကာရိုက်တာက တောမှာ လာဘ်ဝင်သလောက် စုတ်မဝင်သေးတဲ့ လူကြီးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားပါတယ်။ ဇာတ်ကားက ဟာသလဲ ဟာသဆိုတော့ ကျွန်တော်ကိုယ်တိုင်လဲအပြောင်းအလဲလေးဖြစ်အောင် လုပ်လိုက်တာပါ''ဟု လူမင်းက ပြောပြသည်။

'ပြောရဲဆိုရဲ' ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)က ရိုက်ကူးနေပြီး ကျော်ကျော်ဗိုလ်ရွှေမှုံရတီနှင့် အခြားသော အနုပညာရှင်များဖြင့် ရန်ကုန်မြို့နှင့် သန်လျင်မြို့တို့တွင် ရိုက်ကူးလျက်ရှိသည်။

''ကျွန်တော်ကိုယ်တိုင်က ဟာသဇာတ်ကားတွေလဲ ရိုက်နေတာဆိုတော့ ကာရိုက်တာတွေကလဲ ထပ်လာတော့ ဒီလိုပုံစံချည်းပဲ ကိုယ့်ဖာသာကိုယ် ကြည့်ရတာ ရိုးလာတယ်။ ပရိသတ်လဲ ကြည့်ရတာရိုးမှာပဲဆိုပြီးတော့ ကိုယ့်ဖာသာ ပြောင်းလဲ ကြည့်တာပါ။ ဒီဇာတ်ကားပြီးရင်တော့ ဆံပင်ပုံစံ ပြန်ပြောင်းမှာပါ''ဟုၡင်းကဆက်လက်ပြောပြသည်။

အကယ်ဒမီ လူမင်းသည် ကိုယ်ပိုင်ထုတ်လုပ်ရေးလုပ်ကိုင်နိုင်ရန်အတွက် ပြင်ဆင်နေပြီး သံဃာတော်များအကြောင်း ပါဝင်သော 'မိုးနဲ့မြေ'ဇာတ်ကားကိုလည်း ရိုက်ကူးနိုင်ရန်အတွက် စီစဉ်လျက်ရှိကြောင်းသိရသည်။

ခေတ်ဆန်းသစ်

# သရုပ်ဆောင် Will Smith Aladdin ဇာတ်လမ်း၌ ပါဝင်မည်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၀

ကာတွန်းဇာတ်လမ်းအဖြစ် အောင်မြင်ကျော်ကြားလျက်ရှိသည့် Aladdin ကာတွန်းဇာတ်လမ်းကို လူသရုပ်ဆောင်များဖြင့် ပြန်လည်ရိုက်ကူးသွားမည်ဖြစ်ရာ ၎င်းဇာတ်လမ်း၌ ကမ္ဘာကျော် အမေရိကန် သရုပ်ဆောင် Will Smith က အဓိကသရုပ် ဆောင်အဖြစ် ပါဝင်သွားမည်ဖြစ်ကြောင်း Aladdin ဇာတ်လမ်းကို ရိုက်ကူးသွားမည့် Disney Studios မှ ဧပြီ ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

''သရုပ်ဆောင် Will Smith သည် Aladdin ဇာတ်လမ်း၌ အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်သွားရန် သဘောတူညီမှုလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း Disney Studios မှ ဧပြီ ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

''Aladdin က ကျွန်တော့်ရဲ့ အကြိုက်ဆုံး ကာတွန်းဇာတ်ကောင်ပါ။ အခုလို ပါဝင်သရုပ်ဆောင်ရမှာဖြစ်တဲ့အတွက်ကြောင့်လဲ ဝမ်းသာမိပါတယ်'' ဟု သရုပ်ဆောင် Will Smith က ၎င်း၏ Twitter အွန်လိုင်းစာမျက်နှာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

Aladdin ဇာတ်လမ်းတွင် ကျန်ရှိ ဇာတ်ဆောင်များအတွက် သရုပ်ဆောင်များကို ဆက်လက်ညှိနှိုင်းလျက်ရှိကြောင်း Disney Studios က ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၉၂ခုနှစ်က ပထမဆုံးအကြိမ် ပြသခဲ့သည့် Aladdin ကာတွန်းဇာတ်လမ်းသည် ရုံတင်ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၂သန်းကျော် ရရှိခဲ့ပြီး ယခုရိုက်ကူးမည့် Aladdin ဇာတ်လမ်းကို အမေရိကန်ဒေါ်လာသန်း ၂၅၀ အကုန်အကျခံ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

FTH

# မလေးရှားနိုင်ငံတွင်ကျင်းပမည့် Miss Chinese World 2017တွင် မြန်မာနိုင်ငံမှ ပထမဆုံးသွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် တရုတ်လူမျိုးသွေးနှောသူများအတွက် ကျင်းပမည့် Miss Chinese World 2017 သို့ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်စီစဉ်နေသည့် နေရှင်နယ်ဒါရိုက်တာဒေါ်လှနုထွန်းထံမှ သိရသည်။

အဆိုပါပွဲကို မေ၁၄ရက်မှ ၂၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံအသီးသီးတွင် ပျံ့နှံ့လျက်ရှိသည့် တရုတ်လူမျိုးများ၏ ယဉ်ကျေးမှုရိုးရာကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် တရုတ်လူမျိုးသွေးနှောသည့် မျိုးဆက်သစ်များကို ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းသင်ပြရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

''အစ်မတို့ဒီပွဲအတွက် ဖောင်ခေါ်ထားတယ်။ အချိန်ကနီးပြီဆိုတော့ ပေးပွဲတွေဘာတွေလုပ်ဖို့ အချိန်မရှိဘူးလေ။ ဒါပေမဲ့ လူများရင်တော့ ပွဲလုပ်ပြီးရွေးမယ်။ လူနည်းရင်တော့ လျှောက်လွှာတွေကနေကြည့်ပြီး သင်တော်တဲ့သူကို လူတွေ့ခေါ်မယ်ပေါ့။ ဘာလို့လဲဆိုတော့ တရုတ်သွေးနှောတဲ့သူပဲဆိုရင် လောလောဆယ်နည်းနေသေးတယ်။ အခုမြန်မာပြည်မှာ




နေတဲ့ တရုတ်သွေးနှောတွေပဲပြိုင်ရမှာပါ''ဟု နေရှင်နယ်ဒါရိုက်တာ ဒေါ်လှနုထွန်းက ပြောပြသည်။

အဆိုပါပြိုင်ပွဲအတွက် ပြိုင်ပွဲလျှောက်လွှာကို ယနေ့နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ပြီး ဧပြီ ၂၅ရက်တွင် လူတွေ့ခေါ်ယူကာ ၃၀ရက်တွင် ပြိုင်ပွဲဝင်စာရင်းကို မလေးရှားနိုင်ငံသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

MMK

# အဆိုတော် Harry Styles၏သီချင်းသစ် ယခုနှစ် မေလတွင် ဖြန့်ချိသွားမည်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၀

မကြာသေးမီက Sign of the Times အမည်ရှိ တေးသီချင်းကို ဖြန့်ချိခဲ့သည့် One Direction ဂီတအဖွဲ့ဝင်ဟောင်း အဆိုတော် Harry Styles သည် Ever Since New York အမည်ရှိ တေးသီချင်းသစ်ကို ယခုနှစ်မေလတွင် ဖြန့်ချိသွားမည်ဖြစ်ကြောင်း အဆိုတော် Harry Styles၏ အေဂျင်စီမှ ဧပြီ ၁၉ရက်ကထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ever Since New York တေးသီချင်းသည် အဆိုတော် Harry Styles က New York မြို့ရှိ အလှတရားကို ဖော်ကျူးထားသည့် တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အဆိုတော် Harry Styles ကိုယ်တိုင်ရေးစပ်ထားခြင်းဖြစ်ကာ ပရိသတ်များ ကြိုက်နှစ်သက်လိမ့်မည်ဖြစ်ကြောင်း အဆိုတော် Harry Styles က ၎င်း၏ Twitter အွန်လိုင်းစာမျက်နှာပေါ်၌ ရေးသားဖော်ပြထားသည်။အဆိုတော် Harry Styles သည် Ever Since New York တေးသီချင်းသစ်ကို မေလ ၁၅ ရက်တွင် စတင်ဖြန့်ချိသွားမည်ဖြစ်သည့် အပြင် နယူးယောက်မြို့ရှိ Time Square တွင်လည်း ဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုတော် Harry Styles သည် ဧပြီလ ၇ ရက်က ဖြန့်ချိခဲ့သည့် Sign of the Times တေးသီချင်းသည် အောင်မြင်မှုမရှိခဲ့သည့်အတွက် စိတ်ညစ်ခဲ့ရကြောင်းနှင့် ယခု Ever Since New York တေးသီချင်းကို မျှော်လင့်ချက်ထားရှိကြောင်း အဆိုတော် Harry Styles က ပြောကြားခဲ့ကြောင်း သိရသည်။

FTH



# အကယ်ဒမီနေတိုး 'တည်ကြက်'ရုပ်ရှင်ဇာတ်ကားတွင် မုဆိုးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်နေ

ရန်ကုန် ဧပြီ ၂၀

'တည်ကြက်' ရုပ်ရှင်ဇာတ်ကားတွင် မုဆိုးတစ်ဦးအဖြစ် သရုပ်ဆောင်နေကြောင်း အကယ်ဒမီနေတိုးက ပြောပြသည်။

''အခုဇာတ်ကားတော့ Adventure ဇာတ်လမ်းအမျိုးအစားပါ။ကျွန်တော်ရိုက်ချင်တဲ့ ဇာတ်ကား အမျိုးအစားထဲမှာလဲ ပါပါတယ်။ ကျွန်တော်က ဒီဇာတ်ကားမှာလမ်းပျောက်နေတဲ့ မုဆိုးပုံစံနဲ့ သရုပ်ဆောင်မှာပါ။ ကျွန်တော် အက်ရှင်ကားတွေ အက်ရှင်ဒရမ်မာကားတွေလဲ ရိုက်ဖူးခဲ့တာဆိုတော့ ဒီလိုဇာတ်ကားမျိုးရိုက်ဖို့အတွက်က သိပ်ပြီး ထွေထွေထူးထူး ခက်ခဲတာတော့ မရှိပါဘူး။ တောထဲမှာ သွားရိုက်ရမှာ ဆိုတော့ ပင်ပန်းတာတော့ရှိမယ်။ လှပ်လှပ်ရှားရှားလေးတွေကို အသားပေးရိုက်ကူးထားတာတွေ ပါတော့ ကြည့်ရမယ့် ပရိသတ်အတွက် စိတ်လှုပ်ရှားမှုတော့ ဖြစ်မှာပါ''ဟု နေတိုးက ပြောပြသည်။

'တည်ကြက်'ရုပ်ရှင် ဇာတ်ကားကိုဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) က ရိုက်ကူးနေပြီး မင်းသမီး ခြောက်ဦးလည်း ပါဝင်သရုပ်ဆောင်ထားသည်။

''အက်ရှင်ဇာတ်ဝင်ခန်းတွေမှာ ပရိသတ်အတွက်ကို ရသတွေပေးနိုင်မှာပါ။ ဒီလိုဇာတ်ကားတွေ ရိုက်ရတာ ကျွန်တော့်အတွက်လဲ ကျေနပ်စရာကောင်းပါတယ်။ အခုဆိုရင် အသံစနစ်တွေလဲ ကောင်းနေပြီဆိုတော့ ပရိသတ်တွေလဲ အားရကျေနပ်မှုရှိအောင် ကျွန်တော်တို့ဘက်ကလဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ'' ဟု ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ခေတ်ဆန်းသစ်

# Large markets in Mandalay operate regular trading



Shops reopen at Zaygyo Market with city dweller buyers in Mandalay.

**Mandalay April 20**

Zaygyo Market and Mann Myanmar Plaza in Mandalay which were closed for long days during the Maha Thingyan festival period are now operated as usual starting from 20 April, said an official of Markets and Slaughter Houses Department of the Mandalay City Development Committee.

The modern market buildings such as Zaygyo Market, Mann Myanmar Plaza, Nanshae Market, Nyaungbin Market and temporary Mingala Market temporarily suspended their flow of commodities during the festival period. Of them, Mandalay Zaygyo Market and Mann Myanmar Plaza were closed from 11 to 19 April.

Raw materials, finished goods, textiles and other products flow into Myanmar from China, India and Thailand. Those commodities also flow into large markets in Mandalay, especially into Zaygyo Market.

"Although we thought the opening day of the market may be dull at the Zaygyo Market, the shop apartments of the market are crowded with buyers and sellers as usual. In summer, local-made textile and cotton textiles may be more marketable," said an official.

Moreover, selling and buying at Mann Myanmar Plaza is in a regular process. Not only textile shops but mobile phone accessories shops are being operated as usual.

As local authorities deployed security personnel at full capacity at the markets during the water throwing festival period, there was no crime and loss there. 184

# SMEs to get assistance for upgrading their industries

**Mandalay April 20**

Necessary technical assistance and expertise will be provided to small-and-medium-scale enterprises for upgrading their industries, according to the Mandalay Region Directorate of Industrial Supervision and Inspection.

The SME industries using traditional techniques cannot catch achievements of other SME industries using modern techniques. Necessary machinery, techniques and experts are available at home to upgrade those SME industries, said Assistant Director Daw Saw Mar Mar Win of the SME Development Department.

"Changing techniques will increase production and profits and reduce strength of labour and fuel. Mainly, SME industries may invite experts and technicians at home. Our department can link the industries and experts," she said.

For development of foodstuff industries, assistance will be given to SME industries regarding regions and foodstuff sectors. The department will conduct necessary surveys at the SME industries.

At present, the majority of SMEs faces difficulties of capital and loans for extending their productions. 197

# Irrigations being made in Mandalay for summer crops



Water pump station supplies water to farmlands through canals.

**Mandalay April 20**

Mandalay Region Department of Irrigation and Water Utilization Management has started supplying sufficient amount of agricultural water across the region to cultivate summer crops through eight water pump stations, its official said.

Beginning from 23 March, the authorities have distributed water across Patheingyi Township from four water pump stations to help farmers start cultivation. The irrigation programme commenced in Amarapura Township on 25 March.

In the initial stage, growers from Patheingyi Township mostly received agricultural water than other areas. For the time being, the enough amount of water reached all target areas.

The department continues to supply water for farmers every season, an official said.

To fill the water demand of growers, the department already conducted repair of irrigation channels and maintenance of irrigation machinery with the use of the government budget for 2016-2017 fiscal year.

This year's programme targets to irrigate 1,422 acres of summer crops, 850 acres of summer paddy and 772 acres of other crops in both townships.

The department irrigated 612 acres of lands in the townships and plantations have been developed in 526 acres.

NNL

# Pakistan's top court rules prime minister can stay in power

**Islamabad April 20**

Pakistan's Supreme Court on Thursday ruled there insufficient evidence to order Prime Minister Nawaz Sharif's removal from office over corruption allegations leveled by the opposition and ordered further investigations.

A verdict to remove Sharif would have left his party in power but would, nevertheless, have sparked turmoil at a time when Pakistan is experiencing modest growth and improved security after years of violence, and the civilian government and powerful military have appeared to come to uneasy terms.

Pakistan's stock market jumped after the ruling with the benchmark KSE 100 gaining almost 2 percent. Sharif is seen as pro-business.

Two of five judges on the court bench recommended that Sharif should step down but they were out voted.

The court ordered a joint investigation team be formed to look into allegations around Sharif's children using offshore companies to buy properties in London.

Sharif and his children deny any wrongdoing.

Police in riot gear surrounded the court in the capital, Islamabad, as it delivered its verdict and some protesters urged Sharif to step down with shouts of "Go Nawaz, Go Nawaz".

The Supreme Court agreed last year to investigate the Sharif family's offshore wealth after opposition leader Imran Khan threatened street protests following the leaking of the "Panama Papers".

Documents leaked from the Panama-based Mossack Fonseca law firm appeared to show that Sharif's daughter and two sons owned offshore holding companies registered in the British Virgin Islands and used them to buy properties in London.

Sharif told parliament last year that his family wealth was acquired legally in the decades before he entered politics and that no money was siphoned offshore.

Khan's party said before the ruling that it would not launch a new street movement if it was disappointed by the judgment. Reuters

# North Korea warns of 'super-mighty preemptive strike' as U.S. plans next move

**Seoul April 20**

North Korean state media warned the United States of a "super-mighty preemptive strike" after U.S. Secretary of State Rex Tillerson said the United States was looking at ways to bring pressure to bear on North Korea over its nuclear programme.

U.S. President Donald Trump has taken a hard line with North Korean leader Kim Jong Un, who has rebuffed admonitions from sole major ally China and proceeded with nuclear and missile programmes in defiance of U.N. Security Council sanctions.

The Rodong Sinmun, the official newspaper of the North's ruling Workers' Party, did not mince its words.

"In the case of our super-mighty preemptive strike being launched, it will completely and immediately wipe out not only U.S. imperialists' invasion forces in South Korea and its surrounding areas but the U.S. mainland and reduce them to ashes," it said.

Reclusive North Korea regularly threatens to destroy Japan, South Korea and the United States and has shown no let-up in its belligerence after a failed missile test on Sunday, a day after putting on a huge display of missiles at a parade in Pyongyang.

"We're reviewing all the status of North Korea, both in terms of state sponsorship of terrorism as well as the other ways in which we can bring pressure on the regime in Pyongyang to re-engage with us, but re-engage with us on a different footing than past talks have been held," Tillerson told reporters in Washington on Wednesday.

U.S. Vice President Mike Pence, on a tour of Asian allies, has said repeatedly an "era of strategic patience" with North Korea is over.

U.S. House of Representatives Speaker Paul Ryan said during a visit to London the military option must be part of the pressure brought to bear.

"Allowing this dictator to have that kind of power is not something that civilised nations can allow to happen," he said in reference to Kim. Reuters

# JICA starts implementation of three-year project for development of SMEs



Women workers seen at SME industry.

**Mandalay April 20**

A three-year project of Japanese International Co-operation Agency-JICA is being implemented as of early April this year for development of foodstuff industries in Myanmar, said an official of Mandalay Region Directorate of Industrial Supervision and Inspection.

"Officials made field trips to observe foodstuff industries in NyaungU, Pakokku and Sale under the arrangements of Japanese Technical Cooperation project for Strengthening Industrial Promotion Functions (SIPF)," said Assistant Director Daw Saw Mar Mar Win of the SME Development Project.

"We made field trips for JICA Project for supporting drawing of policies for development tasks and for creating linkages between industries and experts," she added.

The officials observed soya bean paste industries, fried lablab industries, and plum juice industries in NyaungU, Pakokku and Sale. They compared development of industries using conventional methods with those industries using modern techniques.

JICA cooperated with local authorities for development of SMEs in Myanmar from 2012 to 2016 under the five-year project. The three-year project will be implemented in the nation with the SME fund and arrangements.

P Hein Ko

## THE RULER OF MERU

**From 20-4-2017**

**As for those who unjustly**
**Or out of greed**
**Exploit others,**
**I shall see to it that they**
**May become struck with anxieties.**

**Those who conceal State-secrets from the ruler**
**And who are not straightforward,**
**I shall have them reported**
**As bad enemies of State.**

**When I, the top Deva**
**Of the two times eighty-four thousand Yojana high mountain**
**The Most beloved husband of Thuza,**
**Make a descent with my conch shell**
**And in all my glory,**
**Then, Oh grandsons,**
**Do not attempt to disobey me.**

**Min Padethayaza (1672-1753)**

# Electric water pumping project to supply drinking water to people in Kalaw, Pindaya

**Pindaya April 20**

An electric water pumping project which will cost about K140 million has been drawn for supplying water to about 1,600 households in Pindaya and Kalaw townships, southern Shan State, according to Taungyoe Youth Supporting Group.

A total of 10,250 people from 14 villages in Kalaw and Pindaya townships need drinking water. So, Southern Shan State Civil Society Organization and Taungyoe Youth Supporting Group jointly created the electric water pumping project and submitted it to the Ministry of Social Welfare, Relief and Resettlement and relevant departments.

At present, those people from villages facing shortages of water are being supplied drinking water with the use of water bowsers and trucks. A water bowser can supply drinking water worth K15,000. But, it can supply about four buckets of water to each house.



Local people take drinking water from truck.

Therefore, well-wishers may contact the Taungyoe Youth Supporting Group to participate in water supply tasks by dialing 09-422517053 or in person. 200

# Local oil refineries need to pay K100,000 fee for one-year licence

**Nay Pyi Taw April 20**

Local oil refineries in regions and states can get licences with K100,000 fee each in 2017-18 fiscal year, according to the Ministry of Electricity and Energy.

Region and State governments sent combined teams to the respective oil fields in order to issue licence which will be valid from 29 March 2017 to 31 March 2018. Each oil refinery in regions and states including Nay Pyi Taw Council Area needs to pay K100,000 for licence fee.

Officers and staff from the head office and factories of Myanmar Petrochemical Enterprise started field trips in November 2016 so as to give a wider knowledge to entrepreneurs of local oil refineries for operating their industries to be free from danger.

The field teams inspected oil refineries whether these industries are in line with the prescribed disciplines or not and replied to queries raised by entrepreneurs. They also distributed pamphlets on disciplines for local oil refineries.

The enterprise cooperated with region and state governments in issuing temporary licence up to 31 March 2017 to one entrepreneur from Yango Region, two from Bago Region, 25 from Ayeyawady Region, 126 from Sagaing Region and six from Mandalay Region, totalling 160. 200

# Sitagu Abhidhaja Archive Building under construction on Sagaing Hill

**Sagaing April 20**

A plan is underway to build a Sitagu Abhidhaja Archive Building in the compound of Sitagu International Vipassana Academy on Sagaing Hill where documentary images of Chancellor of Sitagu International Buddhist Academies, Joint Sangharaja of Shwegyin Gana Abhidhaja Maha Rattha Guru Sitagu Sayadaw Dr Bhaddanta Ñanissara in his learning age, missionary trips across Myanmar as well as other countries, religious titles, meritorious deeds performed in his life, and Parahita works will be displayed, said Assistant Abbot of the academy Dr Sundara.

The archive building will be constructed in the northern part of Shwedagon Replica Pagoda in the compound of the academy. At present, construction tasks start there.

"The archive building will display documentary photos of the Sayadaw along his missionary trips, learning images, religious titles and tapes on items of Dhamma administered by the Sayadaw, water donations, medicine donations and other donations in natural disaster-hit regions," said the assistant abbot.

Sitagu International Vipassana Academy is located on 70.26 acres of land near Taungphila Pagoda, west of Hsanthit Block from Thawtapan Ward, Sagaing Hill. It was built on 2010 and opened on 12 March 2017 which was the 80th birthday of the Sayadaw.

199

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

# ကောင်းမြတ်သောသင်ယူမှု ကမ္ဘာ

သန်းစိုးအောင်

I never teach my pupils; I only attempt to provide the conditions in which they can Learn.

Albert Einstein

"ကျွန်ုပ်တပည့်တွေကို ကျွန်ုပ်ဘယ်တော့မှ မသင်ပါ။ သူတို့သင်ယူနိုင်မယ့် အခြေအနေကောင်းကို ကျွန်ုပ်က ပံ့ပိုးပေးရုံမျှပါပဲ"ဟုဆိုလာသူမှာ ၂၀ ရာစု သိပ္ပံပညာရှင်ကြီး အဲဘတ်အိုင်းစတိုင်းပါပဲ။

'ကလေးဘယ်အချိန်ကစပြီး သင်ယူပါသလဲ' ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကလေးစိတ်ပညာရှင်တွေ၊ သုတေသီတွေ အနည်းငယ်အယူအဆကွဲကြပါတယ်။ ကလေးရဲ့သင်ယူမှုနဲ့ပတ်သက်ပြီး အများစုက မွေးကင်းစအရွယ်လို့ဆိုပေမယ့် အချို့က ကလေးဟာ လူ့ရယ်လို့ ပဋိသန္ဓေတည်တဲ့အချိန်ကစပြီး သင်ယူတယ်လို့ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် တခြားသတ္တဝါတွေထက် သာလွန်ပြီး လူ့ဉာဏ်ရည်နဲ့ပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူစရာပါပဲ။

ကလေးဆိုတာ မိမိပတ်ဝန်းကျင်မှာ တစ်နည်းတစ်လမ်းအားဖြင့် သင်ယူပြီး ဖွံ့ဖြိုးလာတယ်ဆိုတာက ဘယ်သူမှငြင်းလို့မရတဲ့အချက်ပါပဲ။ မွေးကင်းစအရွယ်မှာ 'အမေ' ဒါမှမဟုတ် 'မား'ဆိုတာက ပထမဆုံး ဘာသာစကားဖွံ့ဖြိုးမှုပါ။ တဖြည်းဖြည်းနဲ့အရွယ်ရောက်လာတော့ အဖေ၊ အစ်ကို၊ အစ်မ၊ ဘဘ စသဖြင့် မှတ်သားလာတယ်။ မှတ်မိအောင် အားထုတ်လာတယ်။ ကလေးကို အထိန်းအပြု အချီအပွေ့လက်သာတဲ့သူကို ကလေးကပိုခင်တယ်၊ မှတ်မိတယ်၊ ရင်းနှီးလာတယ်။ ဒါက ဉာဏ်ရည်ဖွံ့ဖြိုးမှုနဲ့ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုရဲ့ အခြေခံပေါ့။

စိတ်လှုပ်ရှားတဲ့အခါ ဒါမှမဟုတ် စိတ်အလိုမကျတဲ့အခါ အော်ငိုမယ်လေ။ မိခင်က ချော့မြှူထွေးပွေ့တဲ့အခါ မိခင်ရဲ့ အနွေးဓာတ်တွေ အားအင်တွေရမယ်လေ။ နို့စို့ရတဲ့အခါ စိတ်အလိုကျပြီး မိခင်ကိုယ်ပေါ်မှာ အိပ်ပျော်သွားချင်သွားမယ်။ ဒါကြောင့် လူမှုဆက်ဆံရေးနယ်ပယ်မှာ 'ငိုတတ်တဲ့ကလေး နို့စို့ရတယ်' လို့ ပမာပုံခိုင်းကြတာပေါ့။ ဒါကြောင့် ကလေးစိတ်ပညာရှင်တွေက ကလေးရဲ့အသက်အရွယ် အလိုက်ဖွံ့ဖြိုးမှုကို -

(၁) ကိုယ်ကာယဖွံ့ဖြိုးမှု(Physical Development)

(၂) စိတ်လှုပ်ရှားမှုဖွံ့ဖြိုးမှု (Emotional Development)

(၃) အသိဉာဏ်ဖွံ့ဖြိုးမှု (Intellectual Development)

(၄) ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု(Social Development)

(၅) ဘာသာစကားဖွံ့ဖြိုးမှု(Language Development) လို့ ခွဲခြမ်းစိတ်ဖြာလေ့လာတယ်။ ကလေးရဲ့အသက်အရွယ်အလိုက် အပြုအမူတွေက သူတို့ ဘယ်ကဏ္ဍမှာ ဘယ်မျှဖွံ့ဖြိုးတယ်ဆိုတာကို လေ့လာတိုင်းတာနိုင်တဲ့ ကြိယာပါပဲ။

**ကလေးနှင့်သင်ယူခြင်း**

ကလေးတွေရဲ့ ပထမဆုံးသင်ယူတဲ့နေရာကတော့ အိမ်(မိသားစုဝန်းကျင်) ဖြစ်ပြီး ဒုတိယသင်ယူတဲ့နေရာက စာသင်ကျောင်းပါ။ အိမ်၊ မိသားစုသင်ယူမှုကို ပမာပြုရရင် မကြာခင်က ကျွန်တော်ရေးသားပြုစုခဲ့တဲ့ ပုံပြင်ပေါင်းချုပ်စာအုပ်ကို မိတ်ဆက်ပွဲမှာ သုံးဖို့ ခြောက်ပေ၊ လေးပေ ဗီနိုင်းထုတ်ပါတယ်။ စာအုပ်ရဲ့မျက်နှာဖုံးလေးရောင်ခြယ်ဗီနိုင်းက ကလေးတွေချစ်တဲ့ တိရစ္ဆာန်အရုပ်လေးတွေပါပါတယ်။ မိတ်ဆက်ပွဲလုပ်ဖို့ နှစ်ရက်လိုသေးလို့ အိမ်အောက်ထပ် ခေါင်းရင်းဘက်၊ ဆက်တီနဲ့ မနီးမဝေးမှာဖြန့်ပြီး ချိတ်ဆွဲထားပါတယ်။

ဒါကို အသက်လေးနှစ်အရွယ် မူကြိုကျောင်းသူမြေးမက ပေတံတစ်ချောင်းကောက်ကိုင်ပြီး 'ဝှပ်သစ်' (What's this)လို့ ကျားရုပ်ကို ထောက်ပြီး ဆက်တီပေါ်ထိုင်နေတဲ့ သူ့အဖေကို လှမ်းမေးတယ်။ သူ့အဖေက ကြောင်ကြည့်နေတာမို့ "ဟဲ့ ကလေး မင်းကို ဆရာမမေးနေတယ် ဖြေလေ"တဲ့။ ဒီတော့ သူ့အဖေက 'ကျား'လို့ ဖြေတော့ 'ကျား'လို့မဆိုနဲ့ တိုက်ဂါး (Tiger) လို့ဆိုရတယ်လို့ ဟန်နဲ့ပန်နဲ့ ပြောပြန်တယ်။ သူ့အဖေက 'Tiger'လို့ပြင်ဆိုတော့ သူက 'ဂွတ်' (Good)တဲ့။ ပြီးတော့ မလှမ်းမကမ်းမှာရှိနေတဲ့ စာရေးသူဘက်လှည့်ပြီး "ဟိုကလေး ဝှပ်သစ်"ဆိုပြီး ဆက်တီပေါ်က စာအုပ်တစ်အုပ်ကို ပေတံနဲ့ထောက်ပြီး မေးပြန်တယ်။ ကျွန်တော်က မမြင်ချင်ယောင်ဆောင်နေတော့ သူက "ဘဘမေးနေတယ် ဖြေလေ" တဲ့ ကျွန်တော်က 'ဘုတ်'လို့ အသံထွက်ဖြေတော့ သူက'ဘုတ်'မဟုတ် ဘွတ်(ခ)လို့ အသံထွက်ရကြောင်း၊ 'ခ'သံကိုပါ ပီပီသသထည့် ဆိုပြနေလို့ ကျွန်တော့်မှာ သူ့ကိုကြည့်ပြီး ပြုံးရမလို၊ ရယ်ရမလို ဖြစ်ရတော့တယ်။ တကယ်တော့သူတို့ အဆင့်က အက္ခရာ အရေးအသားလုံးဝ မသင်ရသေးပေမယ့် ရုပ်ပုံတွေကို အင်္ဂလိပ်ဝေါဟာရနဲ့မှတ်မိနေတဲ့ သဘောပါ။

ကလေးတွေရဲ့သဘာဝအလျောက် သင်ယူမှုက ပုံစံတကျတော့ မဟုတ်ပါ။ အထက်က ဥပမာမှာ မြေးမက သူ့ကိုယ်သူ ဆရာမနေရာက ဟန်ဆောင်ပြီး ကစားတာနဲ့သင်ယူမှုလုပ်တာပါ။ ဒါကြောင့် ကလေးတွေဟာ သဘာဝကို ကြည့်ရှုလေ့လာမှတ်သားတယ်။ စမ်းသပ်ကြည့်တယ်။ အတုခိုးတယ်။ စွန့်စားပြီး လုပ်ကြည့်တယ်။ တစ်နည်းအားဖြင့် အာရုံငါးပါးကို အသုံးချပြီး ပတ်ဝန်းကျင်နဲ့ အပြန်အလှန်ဆက်သွယ်မှုပြုတာပါပဲ။ ကလေးတွေရဲ့ သဘာဝဝန်းကျင်ကို အမှီပြုသင်ယူပုံကို လေ့လာ ဆန်းစစ်တဲ့အခါ-

ကလေးက (၁)သူစိတ်ဝင်စားတာကိုပဲ ရွေးချယ်ပါတယ်။ (၂)သင်ယူမှုမှာ အချိန်ကန့်သတ်ချက်မထားပါ။ (၃)မိဘ၊ ညီအစ်ကို၊ ဆွေမျိုးတွေရဲ့ပံ့ပိုးပေးမှုအပေါ် မူတည်ပြီး၊ သူတို့ရဲ့သင်ယူမှုနှုန်းမြင့်မားပြီး အတတ်မြန်တယ်လို့ဆိုနိုင်တယ်။

ဒုတိယသင်ယူမှုနေရာကတော့ စာသင်ခန်းတွင်းဖြစ်ပါတယ်။ စာသင်ခန်းတွင် သင်ယူမှုကို ပုံစံတကျပညာရေး (Formal Education) လို့ခေါ်ဝေါ်သုံးစွဲတယ်။ နေရာ၊ အချိန်၊ စာသင်သားဦးရေစတဲ့ ကန့်သတ်မှုတွေရှိပါတယ်။ ကလေးတွေက နောက်ခံအခြေအနေအမျိုးမျိုးရှိတာမို့ သင်ကြားရေးမှာ ပျမ်းမျှသင်ယူနှုန်းနဲ့ပဲ သွားရပါတယ်။ သင်ပေးသူဆရာက ကလေးအားလုံးအပေါ် လွှမ်းခြုံထားရသလို သင်ရိုးနှင့်အညီ သင်ပြီးရေးဆိုတဲ့ လွှမ်းမိုးမှုက ရှိနေတာ၊ အိမ်နဲ့ကျောင်းပတ်ဝန်းကျင်အနေအထားမတူညီတာစတဲ့ အချက်တွေဟာ သဘာဝအလျောက် သင်ယူတာနဲ့ စာသင်ခန်းတွင်းသင်ယူတာ ကွာခြားတဲ့အချက်တွေပါပဲ။

ဒါ့ပြင် မြို့နဲ့တော၊ ကျောင်းအခြေအနေ၊ စာသင်ခန်းအခြေအနေ၊ ပရိဘောဂအခြေအနေ၊ သင်ထောက်ကူ ပြည့်စုံမှု၊ မပြည့်စုံမှုက၊ ကလေးတွေရဲ့ နောက်ခံအခြေအနေအမျိုးမျိုးက ကျောင်းတွင်းပညာရေးအပေါ်မှာ ရိုက်ခတ်နေတဲ့ အချက်တွေဖြစ်ပါတယ်။

ကျောင်းတွင်းပညာရေးမှာ အရေးကြီးတဲ့အချက်က **'ကလေးရဲ့သင်ယူချင်တဲ့ စိတ်ဆန္ဒထက်သန်တက်ကြွလာအောင် ဆရာက သင်နည်းအမျိုးမျိုးကို သုံးပြီး ဖန်တီးလှုံ့ဆော်ပေးရတဲ့'**အချက်ပဲဖြစ်ပါတယ်။ သင်ထောက်ကူတွေမှာ ဝတ္ထုစစ်တွေကိုများများသုံးနိုင်မယ်။ သဘာဝအလျောက်သင်ယူလေ့လာနည်းတွေကို စာသင်ခန်းထဲမှာ အသုံးချနိုင်ရင်တော့ သင်ယူမှုထိရောက် အောင်မြင်လေပါပဲ။ ဥပမာ-ကျောက်အမျိုးအစားတွေဖြစ်တဲ့ မီးသင့်ကျောက်၊ အနည်ကျကျောက်၊ အသွင်ပြောင်းကျောက်အကြောင်းတို့ကိုသင်ပြတဲ့အခါ မိမိတို့ရဲ့လက်တွေ့ခန်းမှာ ကြိုတင်စုဆောင်းထားတဲ့ ဝတ္ထုစစ်ကျောက်တုံးလေးတွေကိုပြပြီး သင်ပေးနိုင်ရင် အကောင်းဆုံးပါ။ ဝတ္ထုစစ်တွေကို ကလေးတို့ရဲ့ အာရုံငါးပါးနဲ့ ထိတွေ့ကိုင်တွယ်အသုံးချနိုင်ခွင့်ရရင် သင်ကြားရေးပိုပြီး ထိရောက်အောင်မြင်နိုင်ပါတယ်။

❖ သင်ထောက်ကူတွေမှာ ဝတ္ထုစစ်တွေကိုများများသုံးနိုင်မယ်။ သဘာဝအလျောက် သင်ယူလေ့လာနည်းတွေကို စာသင်ခန်းထဲမှာ အသုံးချနိုင်ရင်တော့ သင်ယူမှုထိရောက်အောင်မြင်လေပါပဲ။ ဥပမာ-ကျောက်အမျိုးအစားတွေဖြစ်တဲ့ မီးသင့်ကျောက်၊ အနည်ကျကျောက်၊ အသွင်ပြောင်းကျောက်အကြောင်းတို့ကို သင်ပြတဲ့အခါ မိမိတို့ရဲ့ လက်တွေ့ခန်းမှာ ကြိုတင်စုဆောင်းထားတဲ့ ဝတ္ထုစစ်ကျောက်တုံးလေးတွေကိုပြပြီး သင်ပေးနိုင်ရင် အကောင်းဆုံးပါ။ ဝတ္ထုစစ်တွေကိုကလေးတို့ရဲ့ အာရုံငါးပါးနဲ့ ထိတွေ့ကိုင်တွယ်အသုံးချနိုင်ခွင့်ရရင် သင်ကြားရေးပိုပြီး ထိရောက်အောင်မြင်နိုင်ပါတယ်။ ❖

ဒါ့ပြင် ဆရာနဲ့တပည့်အပြန်အလှန်ဆွေးနွေးတာ၊ တပည့်အချင်းချင်းပူးပေါင်းဆောင်ရွက်အဖြေရှာတာ၊ ကလေးတွေကို စဉ်းစားဆုံးဖြတ်ဖို့ အချိန်ပေးတာတွေဟာ ကလေးဗဟိုပြုသင်ကြားရေးရဲ့လုပ်နည်းလုပ်ဟန်တွေပါပဲ။ ဒီအခြေအနေမျိုးမှာ စာသင်ခန်းတွေက ကလေးတွေကို ပျော်ရွှင်စေပြီး ရင်ခုန်နွေးထွေး၊ သက်ဝင်လှုပ်ရှားနေတဲ့ခံစားချက်ကိုလဲ ပေးစွမ်းနိုင်မှာမလွဲပါ။

တောကျောင်းမှာ သင်ရတာပဲဖြစ်ဖြစ်မြို့ကျောင်းမှာသင်ရတာပဲဖြစ်ဖြစ်၊ ဆရာနဲ့တပည့်၊ တပည့်အချင်းချင်း၊ အမျိုးသား၊ အမျိုးသမီး မခွဲ၊ လူမျိုးဘာသာမခွဲ၊ နွေးထွေးတဲ့၊ တန်းတူရည်တူရှိတဲ့ ဆက်ဆံရေးနဲ့ တွေးတတ်အောင် သင်ပေးတဲ့ ပညာရေးသာ အမှန်တကယ်ရှင်သန်ဖွံ့ဖြိုးလာမယ်ဆိုရင် တောက်ပတဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့အနာဂတ်၊ တိုင်းပြည်ကိုတည်ဆောက်ဖို့ ပညာရေးက အာမခံချက်ပေးနိုင်မှာမလွဲပါ။

ဆန့်ကျင်ဘက်အနေနဲ့ ဆရာကတစ်ဖက်သတ်ပို့ချနေတာကို နားထောင်ရတာမျိုး၊ တပည့်တွေအတွက် အဓိကနဲ့သာမညမခွဲခြားနိုင်ဘဲ လိုတာရော၊ မလိုတာပါ လိုက်ပါဆောင်ရွက်နေတာမျိုး၊ ဆရာက မေးတာသာဖြေရပြီး ဆရာနဲ့တပည့်အပြန်အလှန်ပြောကြားခွင့်မရတာမျိုး၊ သင်ထောက်ကူပစ္စည်းတွေကို ကိုင်တွယ်အသုံးပြုခွင့်မရဘဲ စာကိုပဲ အလွတ်သက်သက်ကျက်မှတ်ရတာမျိုး၊ ဆရာက ကလေးရဲ့ဖွံ့ဖြိုးရမယ့် စွမ်းရည်အလိုက် အမှန်တကယ်စူးစမ်းလေ့လာမှုမပြုနိုင်တာ၊ ဆရာက သက်ဝင်လှုပ်ရှားနေမယ့် သင်ယူမှုဝန်းကျင်ကောင်းကို မဖန်တီးနိုင်တာ၊ သင်ရိုးပြဋ္ဌာန်းစာကို အချိန်မီသင်ပြီးရေးသာအဓိကဆိုတဲ့ အတွေးအမြင်တွေဟာ သင်ယူမှုဝန်းကျင်ကောင်းကို မဖန်တီးနိုင်တဲ့ ဆန့်ကျင်ဘက်လက္ခဏာတွေပဲဖြစ်ပါတယ်။

ဒါကြောင့် ဖွံ့ဖြိုးတိုးတက်လာတဲ့ သိပ္ပံပညာ၊ လျင်မြန်စွာပြောင်းလဲတိုးတက်လာတဲ့ ဆက်သွယ်ရေးနည်းပညာတွေနဲ့အတူ မိဘ၊ ဆရာတို့လက်တွဲပြီး မိမိတို့သားသမီး၊ တပည့်တွေအတွက် သက်ဝင်လှုပ်ရှားနေတဲ့ သင်ယူမှုဝန်းကျင်ကောင်း (ဒါမှမဟုတ်) ကောင်းမြတ်တဲ့ သင်ယူမှုကမ္ဘာကို ဖန်တီးနိုင်ကြစေဖို့ စေတနာကောင်းနဲ့ရေးသားလိုက်ရပါတယ်။

➤➤➤

## စစ်ကိုင်းမြို့တွင် JICA ချေးငွေအကူအညီဖြင့် တည်ဆောက်လျက်ရှိသော မြစ်ရေတင်စီမံကိန်းမှ ဇွန်လအတွင်း ရေဖြန့်ဝေနိုင်ရန် ဆောင်ရွက်သွားမည်

**စစ်ကိုင်း မေ ၂၀**

စစ်ကိုင်းမြို့ စက်မှုဇုန် အရှေ့ထိပ် တောင်ဖီလာဘုရားအနီးတွင် JICA ချေးငွေ အကူအညီဖြင့် တည်ဆောက်လျက်ရှိသော မြစ်ရေတင်စီမံကိန်းမှ ရေကို ယခုနှစ် ဇွန်လအတွင်းဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

အဆိုပါ မြစ်ရေတင်စီမံကိန်းကို JICA ၏အကူအညီဖြင့် ၂၀၁၆ ခုနှစ် မေလပိုင်းက စတင်တည်ဆောက်ခဲ့ရာ လက်ရှိအချိန်တွင် ၉၀ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လျှပ်စစ်မီးချိတ်ဆက်သွယ်တန်းရန် ကျန်ရှိနေကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မြစ်ရေတင်စီမံကိန်းကို ငွေကျပ်သိန်း၇၀၀၀ခန့် ကုန်ကျခံ တည်ဆောက်နေပြီး တည်ဆောက်ပြီးစီးပါက ဖေယျာကွက်သစ်ရပ်ကွက်နှင့် နီလာဦးမြရတနာရပ်ကွက်တို့ကို ဦးစားပေးအနေဖြင့် ဖြန့်ဝေသွားမည်ဖြစ်ပြီး ရွှေမင်းဝံရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်း စက်မှုဇုန်စသည့်နေရာများသို့လည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၉၉)

➤➤➤

www.facebook.com/themyawadydaily

# မကွေးတိုင်းဒေသကြီး မြိုင်မြို့ပေါ်ရှိ ရပ်ကွက်များသို့ ရေဂါလန် နှစ်သိန်းလေးသောင်း စတင်ဖြန့်ဝေပေးလျက်ရှိ



မြိုင် ဧပြီ ၂၀

မကွေးတိုင်းဒေသကြီး မြိုင်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ရေလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ယနေ့မှစတင်၍ နှစ်ရက်ခြားတစ်ခါ ရေဂါလန်နှစ်သိန်းလေးသောင်းဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များတွင်နေထိုင်သည့် အိမ်ခြေ ၇၀၀၀အတွက် လိုအပ်မည့်ရေပမာဏအတိုင်းတွက်ချက်ကာ ရေဂါလန်နှစ်သိန်းလေးသောင်းကို ဖြန့်ဝေပေးခြင်းဖြစ်ပြီးယခင်နှစ်များက ရေဂါလန် နှစ်သိန်းတစ်သောင်းသာ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

"အရင်က မြိုင်မြို့ပေါ်ရပ်ကွက်တွေကို လေးရက်ခြားမှတစ်ခါရေပေးနိုင်တာ။ အခု နှစ်ရက်တစ်ခါရေပေးနိုင်တော့မယ်။ ရေပေးဝေမယ့်ပမာဏက ရေဂါလန်နှစ်သိန်းလေးသောင်းထိတိုးချဲ့ဖြန့်ဝေပေးတော့မှာပါ"ဟု မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်က ပြောပြသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပိုလျှံရန်ပုံငွေအနက်မှ ငွေကျပ်သိန်း ၁၅၀၀ ဖြင့် အဆိုပါရေဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ လွှတ်တော်ရန်ပုံငွေကျပ်သိန်းတစ်ထောင်နဲ့ ရေတွင်းလေးတွင်း အသစ်တူးဖော်ထားတာရှိပါတယ်။ အခု တိုင်းဒေသကြီးအစိုးရချပေးတဲ့ ငွေကျပ်သိန်းတစ်ထောင့်ငါးရာနဲ့ ရေစုကန်တွေရေပိုက်လိုင်းတွေထပ်ဖြည့်ပြီး ရေဖြန့်ဖြူးပေးနိုင်ဖို့ကြိုးပမ်းခဲ့တာပါ"ဟု ၎င်းကဆက်လက်ပြောပြသည်။

မြိုင်မြို့ပေါ်ရှိရပ်ကွက်များ၌ ယခင်က စည်ပင်ရေမရရှိခြင်းကြောင့် ရေအခက်အခဲများဖြစ်ပေါ်ကာ ပုဂ္ဂလိကရေရောင်းချသူများထံမှ ဈေးကြီးပေးဝယ်ယူသုံးစွဲနေရခြင်းများရှိကြောင်း သိရသည်။

အဆိုပါရေစတင်ဖြန့်ဝေပေးမည့် အစီအစဉ်ကို ယနေ့တွင် အခမ်းအနားပြုလုပ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် စည်ပင်သာယာရေးအဖွဲ့များက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

MMK

❑ မန္တလေးမြို့ရှိလုပ်ငန်းများမှ

ယှဉ်ပြိုင်နိုင်စွမ်းကုန်ကျစရိတ်မတတ်နိုင်ခြင်း၊ စာရင်းဇယားထိန်းသိမ်းပုံနည်းစနစ်၊ ကုန်ပစ္စည်းဝယ်ယူမှုစနစ်နှင့် လုပ်ငန်းရည်မှန်းချက်မရှိခြင်းပြဿနာများလည်း ရင်ဆိုင်နေရကြောင်း သိရသည်။

ငွေကြေးအင်အားမတောင့်တင်းသဖြင့် Mass Productမဖြစ်နိုင်ဘဲ ဈေးငွေရယူရာတွင်လည်း အပေါင်ပေးဘဏ်စနစ်များနှင့် အတိုးနှုန်းမြင့်မားခြင်းများကြောင့် လုပ်ငန်းငယ်များ၏ တီထွင်ဖန်တီးနိုင်စွမ်းအားလျော့နည်းလာကြောင်း သိရသည်။ထို့ပြင်လုပ်ငန်းကြီးများ၏ ဝါးမျိုမှုကိုကာကွယ်နိုင်စွမ်းနည်းပါးပြီး ဖန်တီးမှုကိုအားပေးသည့်ပတ်ဝန်းကျင်တစ်ခုအလျင်အမြန်လိုအပ်နေသည်ဟု ဒေါ်အေးအေးသန့်က ဆက်လက်ပြောပြသည်။

"လူတွေအလုပ်အကိုင်ရဖို့ နိုင်ငံခြားက လာတဲ့လုပ်ငန်းတွေကိုပဲထိုင်စောင့်နေလို့မရပါဘူး။ ကိုယ့်ဆီကလုပ်ငန်းတွေကြီးထွားနိုင်ဖို့လဲအားပေးရပါမယ်"ဟု ဒေါ်အေးအေးသန့်က ဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စုစုပေါင်းလုပ်ငန်းစု၏ ၉၀ရာခိုင်နှုန်းသည် လုပ်ငန်းငယ်များဖြစ်ပြီး ငွေကြေးဈေးနှုန်း မတည်ငြိမ်မှုများကြောင့် ယိမ်းယိုင်လျက်ရှိကြောင်း လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လုပ်ငန်းရှင်အများစုမှာ ကြုံတွေ့နေရသောအခက်အခဲများအားရင်ဆိုင်ရန်အတွက် လုံလောက်သည့် စီးပွားရေးနည်းပညာပိုင်းအားနည်းနေပြီး လုပ်ငန်းအများစုမှာ တိုးတက်မှုနည်းပါးသောအခြေအနေတွင် လုပ်ကိုင်နေရကြောင်း သိရသည်။

စီးပွားရေးနှေးကွေးမှုနှင့် ဈေးကွက်မတည်ငြိမ်မှုများကြောင့် လုပ်ငန်းရှင်အများစုစိတ်ဓာတ်ကျဆင်းခြင်းဖြင့် မေ့၍လုပ်ကိုင်မှုသာပိုများလာကြောင်း သိရသည်။ ဝင်ငွေအကန့်အသတ်ရှိခြင်း၊သွင်းအားစုစရိတ်များခြင်း၊အမြောက်အမြားမထုတ်လုပ်နိုင်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်၍ အမြတ်နည်းပါးခြင်းတို့ကြောင့် လုပ်ခလစာပေးအပ်နိုင်မှုတွင်လည်း အားနည်းချက်များဖြစ်လာရကြောင်း မန္တလေးမြို့ရှိလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လုပ်ခလစာ နည်းပါးခြင်းများကြောင့် အလုပ်သမားပြဿနာနှင့် ကျွမ်းကျင်လုပ်သားရှားပါးသည့် ပြဿနာများလည်း ရင်ဆိုင်ရလေ့ရှိကာ ထုတ်ကုန်ပစ္စည်းအရည်အသွေးကျဆင်းခြင်းနှင့် ဝန်ဆောင်မှုများ ညံ့ဖျင်းလာရသည်ဟု သိရသည်။

"ဝန်ထမ်းစရိတ် ကုန်ကြမ်းစရိတ်နဲ့ သယ်ယူပို့ဆောင်ရေးမှာ ငွေကြေးစိုက်ထည့်နေရတော့ အလုပ်ထဲကိုငွေမရောက်နိုင်ဘဲ အကြွေးသံသရာလည်နေပါတယ်"ဟု စားသောက်ကုန်ထုတ်လုပ်သူ လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

လက်ရှိအချိန် ကြုံတွေ့နေရသည်မှာ ပြည်ပမှဝင်ရောက်လာမည့်လုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်မှုစိန်ခေါ်ချက်များဖြစ်ပြီး စီးပွားရေးအောင်မြင်နိုင်မှုမဟာဗျူဟာလိုအပ်ချက်များဖြစ်နေကြောင်း သိရသည်။ မဂျက်

# KIA အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး၊ နှစ်ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဧပြီ ၂၀

ကချင်ပြည်နယ်၊ မံစီမြို့နယ်၊ ပြင်ဦးလွင်ရပ်ကွက်နေ ဒေါ်အလေးမိနှင့်ဝင်း၏သမီး သုံးဦးတို့သည် ဧပြီ ၁၉ရက် ညနေ ၅နာရီ ၅မိနစ်ခန့်တွင် မံစီမြို့၏ အရှေ့မြောက်ဘက် မိတာ ၂၀၀၀ခန့်အကွာ၌ တောင်ယာလုပ်ကိုင်နေစဉ် KIA အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံးအား သမီးဖြစ်သူ မထုတောင်မှ နင်းမိပေါက်ကွဲသဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး မထုတောင်(ဘ) ဦးဘရန်နန်မှာ နေရာတွင်ပင် သေဆုံးခဲ့ကာ မဂျီးပန်နှင့်မဂျာဆိုင်းပန်တို့တွင်လည်း မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။



နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက မိုင်းစထိမှန်ဒဏ်ရာရရှိသူအား ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အဆိုပါမိုင်းထိလူနာများအား ဗန်းမော်ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူစေလျက်ရှိပြီး နယ်မြေခံတပ်မှ တပ်မတော်သားများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ကွန်ဟိန်းမြို့နယ်အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ကွန်ဟိန်းမြို့နယ်အတွင်း တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၇နာရီ ၁၅မိနစ်ခန့်တွင် ဆိုင်းမွန်ကျေးရွာ၏ အနောက်ဘက် လေးမိုင်ခန့်အကွာသို့အရောက်၌ ရပ်တန့်ထားသော နှစ်ဆန်းအမျိုးအစား ၁၂ဘီးယာဉ်အမှတ် 7J/----- နှင့်ယာဉ်ပေါ်တွင်တင်ဆောင်ထားသော တရားမဝင် ပိတောက်စကွဲယား(ခန့်မှန်း ၁၆တန်ခန့်)အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိယာဉ်နှင့်တရားမဝင်သစ်များအား မိုင်းနောင်မြို့ သစ်တောဦးစီးဌာနနှင့် မိုင်းနောင်နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



သိမ်းဆည်းရမိ ယာဉ်နှင့် တရားမဝင်သစ်များကို တွေ့ရစဉ်။

# ကျိုင်းတုံမြို့ရှိ ဘော်ဒါဆောင်တစ်ခုကို မီးရှို့ရန်ကြံစည်သူ ဖမ်းဆီးရမိ

ကျိုင်းတုံ ဧပြီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းလန်းရပ်ဈေးတန်းလေးလမ်းတွင် ဖွင့်လှစ်ထားသည့် CEC ဘော်ဒါဆောင်ကို ဧပြီ ၁၈ရက်က ဓာတ်ဆီလောင်းမီးရှို့ရန် ကြံစည်ကြိုးစားခဲ့သူကို ဧပြီ ၁၉ရက်က ဖမ်းဆီးရမိထားကြောင်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"ဘော်ဒါဆောင်ရဲ့ ရေချိုးခန်းလေဝင်ပေါက်တံခါးပေါက်ကနေ ရေချိုးခန်းထဲကို ဓာတ်ဆီလောင်းချပြီး စက္ကူကိုမီးရှို့ပြီးမှ ပစ်ချလိုက်တာလို့သိရပါတယ်။ ကံကောင်းတာက မီးလောင်နေတဲ့စက္ကူကရေချိုးခန်းထဲမှာရှိတဲ့ ရေတိုင်ကီထဲကိုကျပြီး မီးမလောင်ခဲ့ပါဘူး"ဟု အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းတွိုက ပြောပြသည်။

မီးရှို့ရန်ကြံစည်ကြိုးစားသူသည် ၂၀၁၆ ခုနှစ်တွင် ကျိုင်းတုံမြို့မရဲစခန်းမှ (ပ)၁၆၅/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၃၆/၃၃၂အမှုမှ တရားခံပြေးတစ်ဦးဖြစ်သည့် မိုင်းလပ်ကျေးရွာအုပ်စုဝမ်တုံကျေးရွာနေ ကိုဖြိုး(ခ)ဖြိုးဝေစိုးဖြစ်ကြောင်း သိရသည်။

ဘော်ဒါဆောင်ပိုင်ရှင် ဦးကျော်မြနိုင်က ဧပြီ ၁၉ရက်တွင် ကျိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် မီးရှို့ရန်ကြိုးစားသူ ကိုဖြိုး(ခ)ဖြိုးဝေစိုးကို ကျိုင်းတုံမြို့မရဲစခန်းမှ (ပ)၆၃/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၄၃၆/၅၁၁ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ MMK

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၄-၂၀၁၇ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၉း၀၀ | Knowledge & Music |
| ၂။ | ၁၅း၀၀ | Celebrity Life |
| ၃။ | ၁၆း၀၀ | Unlike |
| ၄။ | ၁၇း၂၀ | ဂုဏ်ယူအလွမ်း |
| ၅။ | ၂၀း၃၀ | ချစ်ခွန်းတေးသံချစ်သူထံ |
| ၆။ | ၂၁း၀၀ | Love Dictionary |

# ဗီယက်နမ်နိုင်ငံတွင် အပူချိန်မြင့်မားလာ၍ ရေသိုလှောင်ရေးအတွက် အခက်တွေ့



ဟနွိုင်း ဧပြီ ၂၀

ဗီယက်နမ်နိုင်ငံတွင် အပူချိန်များ မြင့်မားလာခြင်းကြောင့် ရေခန်းခြောက်မှုပြဿနာဖြင့်ရင်ဆိုင်နေရပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ရေအခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း၊ ရေသိုလှောင်ရေးအတွက် အခက်တွေ့လာကြောင်း ဗီယက်နမ်နိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ ရေသိုလှောင်ရေးအတွက် နည်းပညာပိုင်းကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိနေပြီး လက်ရှိဖြစ်ပေါ်နေသောရာသီဥတုအခြေအနေကြောင့် ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းဆောင်ရွက်ရန်ပင် အခက်တွေ့နေကြောင်း ထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် အပူချိန်မြင့်မားနေခြင်းကြောင့် ရေအားလျှပ်စစ်ကိုသာ အားထားနေရသည့် ဒေသများတွင်လည်း ရေနည်းလာသည့်အတွက် ရေအားလျှပ်စစ်စက်ရုံ လည်ပတ်နိုင်ရန် ရှုန်းကန်နေရပြီးဒေသခံများလည်း လျှပ်စစ်စွမ်းအင်ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည်။ ရေထုအရင်းအမြစ်ကို အားထားနေရသည့် ကဏ္ဍတိုင်းမှာ ရေခန်းခြောက်မှုကြောင့် ဆက်လက်လည်ပတ်နိုင်ရန်အတွက် ပြဿနာရှိနေပြီး တာဝန်ရှိသူများအနေဖြင့် အဆိုပါပြဿနာကိုဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်လုပ်ဆောင်နေကြောင်း သိရသည်။

“ရေအခက်အခဲကြောင့် လက်ရှိရေသုံးစွဲမှုစနစ်တွေ၊ရေဖြန့်ဝေရေးစီမံခန့်ခွဲမှုတွေကို သေချာပြန်သုံးသပ်မှရတော့မယ်။ ရေသိုလှောင်ရေးစနစ်နဲ့ ထိန်းချုပ်ရေးစနစ်ကိုလဲ ပြန်ပြင်သွားဖို့ လိုအပ်နေတယ်”ဟု ဗီယက်နမ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သူ ထရန်ဒင်ဟွေက ပြောကြားခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် လေပြင်းတိုက်၍ မိုးသီးများကြွေကျနိုင်

နေပြည်တော် ဧပြီ ၂၀

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ယနေ့မှ ၂၄ရက်ထိ လေးရက်အတွင်း လေပြင်းများတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)မှ သိရသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်မှ ရွေ့လျားလာသည့် လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့မှ ဧပြီ ၂၄ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး လေပြင်းများ တိုက်ခတ်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်နိုင်ကာ လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း သိရသည်။

အဆိုပါ ထူးခြားမိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများအနေဖြင့် မိုးလေဝသဖြစ်စဉ်များကို အထူးဂရုပြု နေထိုင်သင့်ကြောင်း သိရသည်။

၂၀၁၆ခုနှစ် နွေရာသီကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် မိုးသီးကြွေကျမှုဖြစ်စဉ် ၁၁ကြိမ်ထိဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆ခုနှစ် ဧပြီလအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအချို့တွင် အရွယ်အစားကြီးမားသည့် မိုးသီးများကြွေကျခဲ့မှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ဆည်၊ စဉ့်ကိုင်နှင့် ရေဦးမြို့တို့တွင် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ကာ ကျောက်ဆည်မြို့ ချောင်းဆုံနှင့်ရေသရောက်ကျေးရွာတို့တွင် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးခဲ့ကြောင်း အဆိုပါဌာနမှ သိရသည်။

(၁၉၇)

# ဖိလစ်ပိုင်နိုင်ငံက လေထုစနစ်ဖြင့် လျှပ်စစ်စွမ်းအင်ထုတ်ယူရန် ပြင်ဆင်လာ

မနီလာ ဧပြီ ၂၀

ဖိလစ်ပိုင်နိုင်ငံသည် ပဲရစ်ညီလာခံသဘောတူညီချက်ကို လိုက်နာအကောင်အထည်ဖော်သောအားဖြင့် ဖိလစ်ပိုင်အာဏာပိုင်များသည် လျှပ်စစ်စွမ်းအင်အတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေး လေထုအရင်းအမြစ်မှတစ်ဆင့် လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများထဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုအတက်ကြွဆုံး ဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပဲရစ်ညီလာခံသဘောတူညီချက်ကို လိုက်နာဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ်လည်း အသိအမှတ်ပြုထားရသည့် နိုင်ငံဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ လေထုအရင်းအမြစ်ဖြင့် လျှပ်စစ်စွမ်းအင်ထုတ်ယူရေးစီမံကိန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ထပ်မံဝင်ရောက်လာနိုင်ဖွယ်ရှိသည်ဟု အာဏာပိုင်များက သုံးသပ်ထားသည်။ အဆိုပါ စီမံကိန်းကို ဒေသတွင်းကုမ္ပဏီကြီးများဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ မနီလာမြို့တော်တွင် စမ်းသပ်အကောင်အထည်ဖော်ခဲ့ဖူးသည်။

“အစိုးရအဖွဲ့ရဲ့ လိုလားချက်နဲ့အညီ လျှပ်စစ်စွမ်းအင်အတွက် ရုပ်ကြွင်းလောင်စာနေရာမှာလေထုအရင်းအမြစ်ကို အစားထိုးသွားဖို့ ပြင်ဆင်နေပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်စွမ်းအင်



လုံလုံလောက်လောက် ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် တိုးချဲ့ဆောင်ရွက်သွားမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်သွားမယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်နဲ့လဲ ကိုက်ညီမှုရှိအောင်၊ ဒေသခံပြည်သူလူထုထဲက အလုပ်လက်မဲ့ ဦးရေလဲ လျှော့ချနိုင်အောင် ဒီစီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ”ဟု ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# ဘေးကင်းလုံခြုံ၍ ပတ်ဝန်းကျင်နှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များပြပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပြုလုပ်သွားမည်

နေပြည်တော် ဧပြီ ၂၀

မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion-GMS) နိုင်ငံများက စိုက်ပျိုးထုတ်လုပ်သော ဘေးကင်းလုံခြုံ၍ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်သည့် စိုက်ပျိုးရေး ထွက်ကုန်များကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ GMS Pavilion ၌ ပြုလုပ်မည့် ThaiFex World of Food Asia 2017 တွင် မေ ၃၁ရက်မှ ဇွန် ၄ရက်ထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ "Unlocking Markets and Mainstreaming Food Safety Policies in the GMS" ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူ လုပ်ကွက်ငယ်တောင်သူများနှင့် အသေးစားနှင့်အလတ်စားစိုက်ပျိုးရေးလုပ်ငန်းရှင်များကို ဈေးကွက်ပိုမိုတိုးတက်ရရှိစေရန် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကာ မည်သူမဆို စိတ်ဝင်စားသူများလာရောက်လေ့လာနိုင်ကြောင်း သိရသည်။

“စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး စိတ်ဝင်စားသူတွေ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေ လာလေ့လာလို့ရပါတယ်။ ကျွန်တော်တို့ဘက်ကလဲ လာလေ့လာဖို့ အင်တာနက်ကနေ ဖိတ်ထားပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထို့ပြင် အစားအစာဘေးကင်းလုံခြုံရေးမူဝါဒဆိုင်ရာ နှီးနှောဖလှယ်ပွဲ (Policy Forum on Food Safety) ကို ဇန်နဝါရီ ၃၁ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစားအစာဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးစစ်ဆေးရေးဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပြန်လည်တွေ့ဆုံနိုင်ရန် ကမ္ဘာ့အစားအစာဘေးကင်းလုံခြုံရေးညီလာခံ (World of Food Safety Conference 2017- WOFSC 2017) ကိုလည်း ယခုနှစ် ဇွန် ၁ရက်မှ ၂ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၃)

# အင်္ဂလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ ရာသီဥတုဖောက်ပြန်မှုအခြေအနေကို ဂြိုဟ်တုစနစ်ဖြင့် စောင့်ကြည့်ထောက်လှမ်းသွားရန် ဆောင်ရွက်နေ

လန်ဒန် ဧပြီ ၂၀

အင်္ဂလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ဒေသတွင်း ရာသီဥတုဖောက်ပြန်မှု အခြေအနေများကို ခန့်မှန်းတိုင်းတာရန်အတွက် ဂြိုဟ်တုစနစ်ဖြင့် စောင့်ကြည့်ထောက်လှမ်းသွားရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ စီမံကိန်းအတွက် Micro Carb နည်းပညာ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြင်သစ်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံမှ တာဝန်ရှိသူများဖြင့် သဘောတူညီမှု စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အင်္ဂလန်နိုင်ငံ အာကာသဆိုင်ရာ အေဂျင်စီ၏ ထုတ်ပြန်ချက်အရ ကမ္ဘာမြေကြီးက ထုတ်လွှတ်လိုက်သော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များကို ပင်လယ်နှင့်သစ်တောတို့က အသီးသီးစုပ်ယူပေးနေပြီး လေထုအတွင်းသို့ ပျံ့နှံ့နေသည့် ပမာဏမှာ အပြောင်းအလဲများကျန်ရှိနေသေးသည့်အတွက် ပင်လယ်က စုပ်ယူလိုက်သည့်ပမာဏ၊သစ်တောက စုပ်ယူသည့်ပမာဏနှင့်လေထုအတွင်းသို့ ပျံ့သွားသည့်ပမာဏကို အတိအကျသိရှိစေနိုင်ရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

မူလသတ်မှတ်ချက်အရ လာမည့် ၂၀၂၀ပြည့်နှစ်တွင် ၎င်းစီမံကိန်းကို စတင်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

စီမံကိန်းအတွက် အင်္ဂလန်နိုင်ငံအနေဖြင့် ပေါင် ၁၀သန်းထိ သုံးစွဲသွားမည်ဖြစ်ပြီး လက်စတာတက္ကသိုလ်နှင့် အီဒင်ဘတ်တက္ကသိုလ်တို့မှ သုတေသီများက ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“အင်္ဂလန်နိုင်ငံဟာ ပြင်သစ်နိုင်ငံနဲ့ပူးပေါင်းပြီးတော့ ရာသီဥတုဖောက်ပြန်မှုအခြေအနေကို ဂြိုဟ်တုကနေ တိုင်းတာမှုတွေ ပြုလုပ်ပေးမယ့် စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေပါတယ်။ စီမံကိန်းအတွက် နည်းပညာပိုင်းကိုတော့ Micro Carb ကုမ္ပဏီကနေ တာဝန်ယူပေးသွားမှာ ဖြစ်ပါတယ်”ဟု အင်္ဂလန်သုတေသီအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဂျိုဗွန်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

➤ ➤ ➤

# နေပြည်တော် ရွှေနံ့သာအိမ်ရာစီမံကိန်း မေလအတွင်း ဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ထား



**နေပြည်တော် ဧပြီ ၂၀**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်တွင် ဆောက်လုပ်လျက်ရှိသော ရွှေနံ့သာ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းကို မေလအတွင်း အပြီးတည်ဆောက်ကာ ပြည်သူများလက်ဝယ်သို့ ရောင်းချပေးနိုင်ရန်စီစဉ် ဆောက်ရွက်လျက်ရှိကြောင်းဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဌာနမှ သိရသည်။

အဆိုပါ စီမံကိန်းတွင်ပါဝင်သော တန်ဖိုးနည်း၊တန်ဖိုးသင့် အိမ်ရာများကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိရာ ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပင်စင်စားများကို ဦးစားပေးစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ပြီး ဝယ်ယူလိုသူများအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ ၈နှစ်မှ ၁၀နှစ်ထိ အိမ်ရာအပေါင် ချေးငွေစနစ်ဖြင့် ဝယ်ယူရမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်ဆဲတန်ဖိုးနည်း၊တန်ဖိုးသင့် အိမ်ရာစီမံကိန်းများကို နေပြည်တော်တွင် အခန်း ၈၀၊ ရန်ကုန်မြို့တွင် အခန်း ၈၇၁၂ ခန်း၊ မုံရွာမြို့တွင် အခန်း ၄၄၀၊ မကွေးမြို့တွင် အခန်း ၃၀၄ ခန်း နှင့်ပုသိမ်မြို့တွင် အခန်း ၆၇၆ ခန်း တို့ကို ၂၀၁၇နှစ်အတွင်း အပြီး တည်ဆောက်ကာ ပြည်သူများထံသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေနံ့သာ တန်ဖိုးနည်းတန်ဖိုးသင့် အိမ်ရာစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဌာန၊ အဆောက်အအုံ အထူးအဖွဲ့(၂)မှ ၂၀၁၆ခုနှစ် ဇွန်၁ ရက်မှ စတင်တာဝန်ယူတည်ဆောက်ခဲ့ပြီး အခန်း ၄၀ပါ ငါးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်းအခန်း ၈၀ ကို ဆောက်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၃)

➤ ➤ ➤

# မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာနှင့် ရွှေဈေးကွက်တို့ကို တရားဝင်ရောင်းချနိုင်ရန် ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုပေးမည်

**ရန်ကုန် ဧပြီ ၂၀**

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာနှင့် ရွှေတို့ကို တရားဝင်ရောင်းချနိုင်ရန် ကျောက်မျက်ဈေးကွက်နှင့် ရွှေဈေးကွက်တို့ကို ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်မျက်ရတနာနှင့်ရွှေများကို နိုင်ငံတော်အစိုးရက ဦးစီးကျင်းပပြုလုပ်သည့် ကျောက်မျက်ရတနာလေလံပွဲ၌သာ အဓိကရောင်းချနေရခြင်းကြောင့် ကျန်ရာသီချိန်များတွင်လည်း တရားဝင်ရောင်းချနိုင်ရန် ထိုကဲ့သို့ ခွင့်ပြုပေးရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

“ရွှေကျောက်မျက်နဲ့ပတ်သက်ရင် မြန်မာနိုင်ငံအစိုးရက ကျင်းပတဲ့ ကျောက်မျက်လေလံပွဲရှိပါတယ်။ ကျန်တဲ့အချိန်တွေမှာ ဘယ်သွားရောင်းရမယ်ဆိုတာ မသိပါဘူး။ တရားဝင်ရွှေလုပ်ငန်းဖြစ်စေ၊ ကျောက်မျက်လုပ်ငန်းဖြစ်စေ၊ ရွှေဈေးကွက်၊ ကျောက်မျက်ဈေးကွက်ဖွင့်ပေးပါမယ်။ ပုဂ္ဂလိကကဏ္ဍအတွက် ကျွန်တော်တို့ရွှေဈေးကွက်တွေ ကျောက်မျက်ဈေးကွက်တွေ ဖော်ဆောင်ပေးမှာဖြစ်တဲ့အတွက် ဂုဏ်သိက္ခာရှိရှိနဲ့ ရောင်းလို့ရပါပြီ။ ကျောက်မျက်ဈေးကွက်လဲ ကျွန်တော်တို့ ဖွင့်ပေးပါမယ်”ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောပြသည်။



လက်ရှိ ပြင်ဆင်ထားသည့် ကျောက်မျက်ရတနာဥပဒေကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ဥပဒေပညာရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းရေးဆွဲခဲ့ပြီး အဆိုပါ ဥပဒေကိုလည်း ရှေ့နေချုပ်ရုံးသို့ တင်ပြထားကြောင်း သိရသည်။

MMK

# မြန်မာ့ရိုးရာလက်မှုအသုံးအဆောင်များကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်မည့် အဆောက်အအုံများ တည်ဆောက်ပေးမည်

**နေပြည်တော် ဧပြီ ၂၀**

ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာ့ရိုးရာလက်မှုအသုံးအဆောင်၊ တိုင်းရင်းသားရိုးရာဝတ်စုံများနှင့် အစားအစာများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်မည့် One Stop Service အဆောက်အအုံများကို ယခုနှစ် မေလတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

“အခုမြန်မာနိုင်ငံမှာ တိုင်းရင်းသားရိုးရာဝတ်စုံတွေနဲ့ အစားအသောက်တွေကို တစ်နေရာတည်းမှာ One Stop Service ပေးနိုင်တဲ့နေရာတွေ မရှိသေးပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအားလုံးကို လွှမ်းခြုံနိုင်တဲ့ ယဉ်ကျေးမှုဆိုင်ရာတွေနဲ့ပတ်သက်တဲ့ အစားအသောက်၊ အဝတ်အစား၊ အသုံးအဆောင်အားလုံးကို တစ်နေရာတည်းမှာ ရရှိနိုင်အောင်လုပ်ပါမယ်။ အဆောက်အအုံကို သေးသေးမလုပ်ပါဘူး။ အဆောက်အအုံအကြီးကြီးနဲ့ ပြုလုပ်သွားပါမယ်”ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောပြသည်။

အဆိုပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် One Stop Service အဆောက်အအုံ တည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပါဝင်လိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်နိုင်ကြောင်း သိရသည်။

One Stop Service အဆောက်အအုံ၌ ရောင်းချသူများအနေဖြင့် နိုင်ငံသားများ စိတ်ဝင်တစား ယုံကြည်စွာဝယ်ယူစားသောက်နိုင်ရန်နှင့် အသုံးအဆောင်ပစ္စည်းများ၏ အရည်အသွေးပိုင်းဆိုင်ရာများ၊ အစားအသောက်များတွင် ဓာတုဗေဒကင်းစင်ရမည်ဖြစ်ကြောင်း သိရသည်။

MMK

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

သက်ရှိကမ္ဘာကြီး ရှင်သန်ရပ်တည်ဖို့...

သဘာဝတောတောင်များ ထာဝရတည်တံ့စေဖို့...

သင့်ဘဝ သန့်ရှင်းကျန်းမာလုပစေဖို့...

နေ့စဉ်နှင့်အမျှ ရှားပါးလာသော

အဖိုးတန်ရေချိုကို ချွေတာကြပါစို့။

# နောင်ချိုမြို့နယ်တွင် ပြောင်းမျိုးစိတ်နှင့် ဓာတ်မြေသြဇာများကို အတိုးမဲ့ ခြောက်လဆိုင်းစနစ်ဖြင့် ရောင်းချပေးနေ

**နောင်ချို ဧပြီ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ပြောင်းစိုက်တောင်သူများကို ထိုင်းနိုင်ငံထုတ် ပြောင်းမျိုးစိတ်များနှင့် စင်ကာပူနိုင်ငံထုတ် ဓာတ်မြေသြဇာများကို အတိုးမဲ့ ခြောက်လဆိုင်းစနစ်ဖြင့် ရောင်းချပေးနေကြောင်း Seed Asia ကုမ္ပဏီမှ Senior Sales & Marketing Officer ကိုစိုးမင်းမင်းက ပြောပြ၍ သိရသည်။

Seed Asia ကုမ္ပဏီမှ ထိုင်းနိုင်ငံထုတ် ပြောင်းမျိုးစိတ်များဖြစ်သည့်(222)၊ (282)၊ (336)မျိုးများကိုဝယ်ယူပါက လမ်းပန်းဆက်သွယ်ရေးကောင်းပြီး သွားလာလွယ်ကူသည့်နေရာများထိ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ မျိုးစေ့မှန်ကန်ရေး၊ အရည်အသွေးပြည့်သော မြေသြဇာဖြစ်ရေးတို့အတွက် ကုမ္ပဏီဘက်က အာမခံကာ ကျေးရွာအရောက် မော်တော်ယာဉ်ဖြင့် တိုက်ရိုက်ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

နောင်ချိုမြို့နယ်အနီးတွင် လက်ရှိကြုံတွေ့နေရသော ပြဿနာများမှာ မျိုးစေ့ရောင်းချဖြန့်ဖြူးသော ကုမ္ပဏီများများပြားသော်လည်း မျိုးစေ့အတွက် အာမခံချက်မရှိခြင်း၊ ဒေသမြေများနှင့် မကိုက်ညီခြင်း၊ ပွဲစားများမှတစ်ဆင့် ဖြန့်ဖြူးသော မျိုးစေ့နှင့် မြေသြဇာများသည် ဈေးနှုန်းမြင့်မားနေခြင်း၊ အတိုးနှုန်းပေးရခြင်း၊ သီးနှံထွက်သည့်အချိန်တွင် မပေးနိုင်ခဲ့ပါက လယ်ယာမြေသိမ်းခြင်း၊ စရိတ်ကုန်ကျငွေများသောကြောင့် လူတိုင်းမစိုက်ပျိုးနိုင်ခြင်း၊ သီးနှံထွက်သည့်အချိန်တွင် ပွဲစားများက ဈေးကစားသောကြောင့် အရှုံးနှင့်ရင်ဆိုင်ရခြင်းတို့ဖြစ်ကြောင်း သိရသည်။

MMK

# ပုဂ္ဂလိကတက္ကသိုလ်များ ဖွင့်ခွင့်ပေးမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားနိုင်

**ရန်ကုန် ဧပြီ ၂၀**

မြန်မာနိုင်ငံတွင် ပညာရေးဥပဒေကို စောင့်ဆိုင်းရန်မလိုဘဲ ပုဂ္ဂလိကတက္ကသိုလ်များကို ဖွင့်ခွင့်ပေးမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ Proposal တင်ပြ၍ ဧပြီလတတိယပတ်မှ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်မှသာ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်မည်ဖြစ်သောကြောင့် ပညာရေးဥပဒေကိုမစောင့်ဆိုင်းနိုင်းဘဲ ခွင့်ပြုပေးရခြင်းဖြစ်သည်။ ပုဂ္ဂလိကတက္ကသိုလ်များ၊ ပုဂ္ဂလိကကျောင်းများ၊ နည်းပညာကျောင်းများ၊ ယဉ်ကျေးမှုကျောင်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်သွားမည်ဖြစ်ပြီး အားကစားနှင့်ပတ်သက်၍ အားကစားရုံများ၊ အားကစားကျောင်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ သူနာပြုသင်တန်းကျောင်းများ၊ ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်းများ၊ သားဖွားခွင့်သင်တန်းများ ဖွင့်လှစ်တည်ထောင်လိုပါက ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာတင်နိုင်ကြောင်း သိရသည်။

နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ အဆိုပြုလွှာများ၊ တင်ဒါများခေါ်ယူရွေးချယ်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုရန်လည်း ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ဖြင့် ဆွေးနွေးမှုများ ပြုလုပ်ထားကြောင်း သိရသည်။

MMK

# နေပြည်တော်တွင် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် အိမ်ရာဆောက်ရန် မြေဧက ၁၀၀ ချပေးထား

**နေပြည်တော် ဧပြီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ နိုင်ငံတော်တွင် တာဝန် ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများ အငြိမ်းစားယူပါက အရစ်ကျစနစ်ဖြင့် အိမ်နေရာပေးရန် အတွက် မြေဧက ၁၀၀ကို တစ်ဧကလျှင် ငွေကျပ် သိန်း၅၀နှုန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ နေရာချပေးထားသည်ဟု နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်ဦးမင်းသူ၏ ပြောပြချက်အရ သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဧပြီ ၁၉ရက်က နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးတွင် လက်ရှိနိုင်ငံ့တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝလုံခြုံ စိတ်ချစေရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ အားလုံးတွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိကဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်ဟု ဆိုသည်။

“ဝန်ထမ်းတွေအတွက် အိမ်ရာတည်ဆောက်ဖို့ မြေနေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနဲ့ အိမ်ရာစီမံကိန်းပေါ့လေ။ အဲ့ဒီအတွက်နေရာကို ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ် နေပြည်တော် မြို့ပတ်လမ်းနဲ့ ရာဇမဏ္ဍလမ်းကြားမှာရှိတဲ့ မြေဧက ၁၀၀လောက်ကို တစ်ဧကငွေကျပ်သိန်း ၅၀ပေးသွင်းစေပြီးမှ နေရာချထားပေးလိုက်တယ်။ အဓိကက ဆောက်လုပ်ရေးက ဦးဆောင်ပြီးဆောင်ရွက်မှာ”ဟု ၎င်းကဆက်လက်ပြောပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နေအိမ်အခက်အခဲ မရှိစေရေးအတွက် သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆွေးနွေးခဲ့သည်ဟု သိရသည်။ (၁၈၃)

# ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စပါးများရေစိုပျက်စီး



**ကျောင်းကုန်း ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီးကျောင်းကုန်းမြို့နယ်ရှိ ကျေးရွာအချို့တွင် မိုးရွာသွန်းမှုကြောင့် စပါးများရေစိုကာ အညှောက်ပေါက်သဖြင့် ဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေကြောင်း ဒေသခံစပါးစိုက်တောင်သူများထံမှ သိရသည်။

ဧပြီလလယ်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် ရွာသွန်းခဲ့သည့် မိုးကြောင့် လယ်ကွက်များမှ မိုးလွတ်ရာသို့ သယ်ယူရခြင်းမရှိသေးသည့် စပါးများမိုးမိကာ ပျက်စီးခဲ့ရကြောင်း သိရသည်။

“အရင်ရက်က မိုးရွာတော့ လယ်ထဲကစပါးတွေ မိုးစိုတာရှိတယ်။ အခုတချို့စပါးတွေ အစို့ထွက် ပျက်စီးတာတွေလဲရှိနေပါတယ်။ မိုးစိုတဲ့စပါးတွေကို နေပြန်လှန်းနေရတယ်၊ တောင်သူတွေ အခက်အခဲတွေ အလွန်ပဲကြုံတွေ့နေရပါတယ်”ဟု ကျောင်းကုန်းမြို့ယိုးဒယားတက်ကျေးရွာမှ စပါးစိုက်တောင်သူတစ်ဦးက ပြောပြသည်။

အဆိုပါ စပါးပျက်စီးခြင်းများသည် လတ်တလောတွင် အများအပြားမဖြစ်သေးသော်လည်း ယခုရက်ပိုင်းအတွင်း မိုးလုံရာသို့ ရွှေ့ပြောင်းခြင်း၊ နေလှန်းခြင်းများ မပြုလုပ်နိုင်ပါက ပျက်စီးမှုများ လာနိုင်ကြောင်း သိရသည်။

ထိုမြို့နယ်တွင် မိုးမိထားသည့် စပါးဧကပေါင်း ၅၀၀ ကျော်ရှိကာ ထိုစပါးများကို မိုးလုံရာသို့ လတ်တလောအရေးပေါ် သယ်ယူနေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

MMK

# ဂါန်းဇွန်အော်လန်

- မြို့လယ်ကောင်က
“ပုညပါရမီ” ဆွမ်းလောင်းအသင်းကြီးဟာ
သက်တမ်းရှည်ကြာခိုင်မာနေတဲ့
ဂါန်းဇွန်မြို့ရဲ့တစ်ခုတည်းသော
ဆွမ်းလောင်းအသင်း။
- အသင်းပိုင်အော်လန်ကြီးကတော့
စောစောစီးစီးမနက်တိုင်းမှာ
‘ဆွမ်းတော်ဖျို့’နဲ့ နိုးထ
ဂါန်းဇွန်မြို့က ပြည်သူတွေကို
ကုသိုလ်တွေ ဝေငှနေပြီ။
- နွားပျောက်သူခမျာ
အားကိုးကြီးစွာ အသင်းဆီကိုလာ
ကြော်ငြာသံနဲ့ မျှော်ငေး။
- နွားတွေ့သူမှာ
မုဒိတာနဲ့အသင်းဆီကိုလာ
ဝမ်းပန်းတသာနဲ့ ပြန်ပေး
ကြားရသူတိုင်းပီတိတွေး
အဲဒါဂါန်းဇွန်မြို့ရဲ့ ဂန္ထဝင်တေး။
- မီးဖြတ်တော့မယ်ဆိုရင်
အော်လန်ကြီးက ကြိုကြိုတင်တင်၊
ပြည်သူတွေ ပြင်ပြင်ဆင်ဆင်၊
အခက်တွေ့စရာဘယ်မမြင်၊
အမှောင်ဖုံးလည်း ပြုံးပြုံးရွှင်ရွှင်။
- တရားပွဲများရှိပါရင်
အော်လန်ကြီးက နိဗ္ဗာန်ခေါ်ငင်၊
ဓမ္မရသရကြစေချင်၊
ကြွပါနော-ဆော်ဩသံလွင်လွင်။
- ဒါကြောင့်မို့
ဂါန်းဇွန်မြို့သည်ရပ်ရွာမှာ
သည်အော်လန်ရှိနေသမျှ
ဘာကမှမလို
အိုကေမှာစိုပြည်နေပြီဗျာ။

**ဂါန်းဇွန်ညည့်သည်**

# ညောင်ရွှေမြို့နယ် ဖေယ်ချောင် ကျောင်းတော်ကြီးသို့ လေ့လာသူများရှိ

**ညောင်ရွှေ ဧပြီ ၂၀**

နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ ဖေယ်ချောင်ကျောင်းတော်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဖေယ်ချောင်ရွာဦး၌ ကောဇာသက္ကရာဇ်-၁၂၅၀ခုနှစ်က အင်းလေးရေပြင်၌ တည်ဆောက်ခဲ့ကာ တိုင်လုံးရေ ၆၅၄တိုင်ရှိသည့် သစ်သားကျောင်းတော်ကြီးဖြစ်ပြီး ယခုအချိန်တွင် လာရောက်လေ့လာသူများနှင့်လှူသိမ်းလာကြောင်း သိရသည်။

ကျောင်းတော်ကြီးအတွင်း၌ ဘုံသုံးဆင့်ရှိသော ကျောင်းဆောင်ရှစ်ဆောင်၊ဘုံတစ်ဆင့်ရှိသည့်ကျောင်းဆောင်နှစ်ဆောင်၊ လသာဆောင်တစ်ဆောင်၊ ဘုရားစံကျောင်းဆောင် ၂၇ဆောင်၊ ယွန်းဘုရားကြီးခြောက်ဆူ၊ ကျောက်ဆင်းတု ၆၆ဆူ၊ သုမေဓာဗျာဒိတ်ခံသုံးဆူအပြင် အခြားစိတ်ဝင်စားစရာ ရှေးဟောင်းရုပ်ပွားတော်များစွာရှိပြီး အနုပညာလက်ရာများကလည်း အလွန်လက်ရာမြောက်လှသည်။

တောင်ပေါ်ဒေသများသို့ ဘုရားဖူးသွားရောက်ကြသော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များသည် တောင်ကြီး၊ အင်းလေး၊ ပင်းတယနှင့် ဖေယ်ချောင်ကျောင်းတော်ကြီးမှ ရှေးဟောင်းရုပ်ပွားတော်များကို အဓိကထားလေ့လာကြပြီး နိုင်ငံခြားသားအချို့ တရားထိုင်ကြကြောင်း သိရသည်။ (၀၇၈)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်တည်ဆောက်မှုများ ၇၀ရာခိုင်နှုန်း လိုအပ်နေသေး

**လားရှိုး ဧပြီ ၂၀**

တောင်ပေါ်ဒေသဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၌ စိုက်ပျိုးရေနှင့် သောက်သုံးရေ အဆင်ပြေစေရန် အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်၊ တာတမံများကို တည်ဆောက်ပေးခဲ့ရာ ၃၀ရာခိုင်နှုန်းခန့်သာအောင်မြင်လျက်ရှိပြီး ၇၀ရာခိုင်နှုန်းခန့် လိုအပ်နေသေးကြောင်းရှမ်းပြည်နယ်(မြောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမြို့ပြအင်ဂျင်နီယာရုံးမှတာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

“ကျွန်တော်တို့ဌာနအနေနဲ့ကတော့ ဒေသတစ်ခုလုံးမှာရှိတဲ့ မြို့နယ်တွေမှာဆည်တွေဆောက်ပေးထားပါပြီ။တည်ဆောက်ပြီးဆည်တွေမှာ တချို့ဆည်တာတမံတွေကို ဌာနကဆက်လက်ထိန်းသိမ်းပြီး ကျေးရွာတွေမှာWUGဆိုတဲ့ ဆည်ထိန်းသိမ်းရေးကော်မတီတွေကို လွှဲပြောင်းထိန်းသိမ်းစေပါတယ်။ ကျွန်တော်တို့ဒေသက စိုက်ပျိုးရေနှင့် ပတ်သက်လာရင် ဆည်ရေသောက်ဧရိယာကနည်းပြီး မိုးကောင်းရေသောက်ဧကတွေများပါတယ်။ အဲဒီအတွက် ဆည်တည်ဆောက်မှုက ၃၀ရာခိုင်နှုန်းသာပြည့်ပြီး ၇၀ရာခိုင်နှုန်းခန့် လိုအပ်နေပါသေးတယ်”ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်းစိုက်ပျိုးရေနှင့် သောက်သုံးရေ အဆင်ပြေစေရန်အတွက် ရေလွှဲဆည်၊ ရေလှောင်ကန်၊ ရေလှောင်တမံ စုစုပေါင်း ၅၄၃ခု တည်ဆောက်ပေးထားပြီး ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်ထားသောဆည်ကနည်းပါးကြောင်း သိရသည်။ (၄၀၄)

သံတိုင်ကို(စိတ်ပညာ)

# ပညာပြည့်ဝ နှလုံးလှသော်

လူသားအားလုံးအတွက် ရှေးပညာရှိကြီးများက စကားလက်ဆောင်အဖြစ် "လောကတွင် မသိအပ်သော ပညာနှင့် မတတ်အပ်သော ပညာသည်မရှိ"ဟု မိန့်ဆိုမှာကြားထားခဲ့သည်။

ပညာဟူသည်ကား အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြား၍ နက်နဲစွာ သိမြင်ခြင်းနှင့် အကြောင်းခြင်းရာ တစ်ခုကို လက်တွေ့နယ်ပယ်၌ ကျွမ်းကျင်စွာ တတ်မြောက်ခြင်းဖြစ်၏။ ထို့ကြောင့် လူ့လောကကြီးတွင် အသက်ရှင်သန်နေသရွေ့ ပညာရပ်တစ်ခုကို ဘဝအတွက် မဖြစ်မနေ သင်ယူတတ်မြောက်ထားရန် လိုအပ်သည်။ ပညာဟုဆိုရာ၌ သိမှုပညာနှင့်တတ်မှုပညာဟူ၍လည်း ကွဲပြားခြားနားသည်။ သိမှုပညာရပ်သည် အကြားအမြင်ကြွယ်ဝခြင်း(သို့မဟုတ်) ဗဟုသုတများခြင်းနှင့် အဓိကသက်ဆိုင်နေသည်။ တတ်မှုပညာရပ်သည် လက်တွေ့နယ်ပယ်တွင် တည့်မတ်မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းအားဖြစ်သည်။

အသိပညာနှင့် အတတ်ပညာ၏ သဘောအဓိပ္ပာယ်မှာ သိမ်မွေ့ကျယ်ပြန့်လွန်း၏။ အသိပညာနှင့်ပတ်သက်၍ အကျဉ်းအားဖြင့် ပြောရမည်ဆိုပါလျှင် လူတစ်ဦးသည် လုပ်ငန်းတစ်ခုကို မည်ကဲ့သို့ ပြုမှုလုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ထိုလုပ်ငန်းအောင်မြင်မည်ကိုသိ၏။ ထိုလူ၏ အကြားအမြင်၊ အတွေးအခေါ်၊ အယူအဆများ မြင့်မားအားကောင်းမှုကြောင့်လည်းကောင်း၊ ကျယ်ပြန့်သော စာတွေ့နယ်ပယ်တွင် သင်ကြား လေ့လာသိရှိခဲ့၍လည်းကောင်း ထိုလူ၏ မူလအတွင်း စိတ်သန္တာန်တွင် သိမှုပညာတိန်းအောင်းနေ၏။ ထိုအရာသည်ကား အသိပညာရပ်ပင်ဖြစ်သည်။

နောက်ထပ် လူတစ်ဦးသည် ဗဟုသုတ နည်းပါးပြီး အကြားအမြင်မရှိ စာပေလေ့လာသင်ကြားမှု၌လည်း အားနည်းခဲ့၏။ သို့သော် လက်တွေ့လုပ်ကိုင်ရသော နယ်ပယ်တွင် လုပ်ငန်းတစ်ခုကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိ၏။ ကျွမ်းကျင် လိမ္မာမှုရှိ၏။ ထိုအရာသည်ကား တတ်မှုပညာ (သို့မဟုတ်)အတတ်ပညာရပ်တစ်ခုဖြစ်သည်။

ထို့ကြောင့် အသိပညာနှင့်အတတ်ပညာတို့၏ သဘောသဘာဝမှာ စာတွေ့နှင့်လက်တွေ့နယ်ပယ်ပင်ဖြစ်သည်။ စာတွေ့ရှိထားပြီးသောသူသည် လက်တွေ့နယ်ပယ်၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းအားနှင့် ထိတွေ့ပေါင်းစပ်လိုက်မည်ဆိုပါက ကျွမ်းကျင်သောအဆင့်သို့ ရောက်ရှိသွားနိုင်သည်။

ယနေ့ခေတ်အခါသည် အသိပညာ၊ အတတ်ပညာများ ပြည့်စုံကြွယ်ဝ၍ နှံ့စပ်ပိုင်နိုင်သောပညာရှင်ပေါင်းများစွာ ထွန်းကားပေါ်ပေါက်သည့်အချိန်ကာလဖြစ်၏။ ထို့ကြောင့် မိမိနှင့် လက်လှမ်းမီပြီး စိတ်ဝင်စားမှုရှိသော အတတ်ပညာကို ရွေးချယ်သင်ယူ၍ ရနိုင်သည်။ သိချင်သော ပညာရပ်များကိုလည်း ရှာဖွေလေ့လာ၍ စနစ်တကျဆည်းပူးနိုင်သည်။ ပညာရပ်အသီးသီးကို လက်တွေ့သင်ကြားတတ်မြောက်ထားခြင်းဖြင့် မိမိဘဝတိုးတက်ရေးကို အထောက်အကူပြုနိုင်ပြီး ဘဝအာမခံချက်ကိုလည်း မလွဲမသွေရရှိမည်ဖြစ်သည်။

ပညာရပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် သိမြင်မှု၊ လက်တွေ့တတ်ကျွမ်းနားလည်မှုတို့ကြောင့် လူ့လောကအလယ်တွင် စိတ္တသုခနှင့်ကာယသုခများ ကြွယ်ဝပြည့်စုံနိုင်သည်။ လူတိုင်းတွင် မသိ၊ မတတ်ဟူသောအရာ မရှိနိုင်ပေ။ သိချင်လျှင် သိအောင်ကြိုးစား၍ရသည်။ တတ်ချင်လျှင် တတ်မြောက်အောင်သင်ကြားလေ့ကျင့်၍ ရနိုင်သည်။ မိမိတွင် လိုအပ်ချက်များရှိပါက ထိုလိုအပ်ချက်များကို ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် ကျော်လွှားအောင်နိုင်ရန် လုပ်ဆောင်တတ်ရန် မှန်ကန်သော အသိတရားလိုအပ်သည်။

**❖ပညာရပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် သိမြင်မှု၊ လက်တွေ့တတ်ကျွမ်းနားလည်မှုတို့ကြောင့် လူ့လောကအလယ်တွင် စိတ္တသုခနှင့် ကာယသုခများ ကြွယ်ဝပြည့်စုံနိုင်သည်။ လူတိုင်းတွင် မသိ၊ မတတ်ဟူသောအရာ မရှိနိုင်ပေ။ သိချင်လျှင် သိအောင်ကြိုးစား၍ရသည်။ တတ်ချင်လျှင် တတ်မြောက်အောင် သင်ကြားလေ့ကျင့်၍ ရနိုင်သည်။ မိမိတွင်လိုအပ်ချက်များရှိပါက ထိုလိုအပ်ချက်များကို ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် ကျော်လွှားအောင်နိုင်ရန် လုပ်ဆောင်တတ်ရန် မှန်ကန်သော အသိတရားလိုအပ်သည်။ ❖**

ထိုမှန်ကန်သော အသိတရားကို လက်ကိုင်ထားပြီး လောကတွင် ကြီးပွားအောင်မြင်တိုးတက်ရေးအတွက် စလယ်၊ဆုံး ဝီရိယဖြင့် ကြိုးစားသွားမည်ဆိုလျှင် အောင်မြင်ပြီးစီးနိုင်၏။ ကြီးပွားတိုးတက်ရေး (သို့မဟုတ်)အောင်မြင်ရေးအတွက် တန်ဖိုးကြီးသောအရာသည် ဝီရိယဖြစ်၏။ ဝီရိယမရှိလျှင်မည်သည့်အလုပ်မျှ ပြီးမြောက်အောင် မလုပ်ဆောင်နိုင်ပါ။ ဝီရိယ၏ရန်သူသည် ပျင်းရိခြင်းဆိုင်းထားခြင်းပင်ဖြစ်၏။ ဝီရိယဆိုသည်မှာ အောင်မြင်ခြင်းအကြောင်းတရားတို့၏ ထူးကဲမွန်မြတ်သော ရေသောက်မြစ်တစ်ခုဖြစ်၏။ ပျင်းရိခြင်းများစွာနှင့်အလုပ်ကိုရွှေ့ဆိုင်းထားခြင်းသည် စီးပွားဥစ္စာပျက်စီးဆုံးရှုံးခြင်း၏ အဓိကအချက်တစ်ခုဖြစ်၏။

မည်သို့ပင်ဆိုစေ ပြဿနာအရေးကိစ္စမှန်သမျှကို မဆိုင်းမတွထ၍ ရဲဝံ့တက်ကြွသော လုံ့လဝီရိယဖြင့် အောင်မြင်ပြီးစီးအောင် ဆောင်ရွက်လုပ်ကိုင်လျှင် မိမိလိုအပ်သော ပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်သည်။ ယနေ့ ထိပ်တန်းရောက်နေသူများနှင့် ကြီးပွားချမ်းသာနေသူများသည် မိမိ၏လုပ်ငန်းဝတ္တရားကို နောက်ကျမကျန်စေဘဲ ဆောလျင်စွာ ကြိုတင်ပြီးစီးထားသူများအဖြစ် မြင်တွေ့နိုင်သည်။

လောက၌ အချိန်သည် တန်ဖိုးကြီးသော ရတနာတစ်ပါးဖြစ်၏။ လုပ်ငန်းခွင်၌ အချိန်ကိုကောင်းစွာ အသုံးချ မောင်းနှင်တတ်လျှင် ကြီးပွားချမ်းသာမှုကို ဖြစ်စေနိုင်သည်။ အချိန်ကို အသုံးမချနိုင်လျှင် အဆုံးသတ်မကောင်းသော အရှုံးနှင့်သာ ရင်ဆိုင်ရလေ့ရှိသည်။ မိမိကိုယ်တိုင် သတိမမူဘဲ အရာရာကို ပေါ့ဆစွာပြုမူ၍ ဘဝကိုကြုံသလို လျှောက်လှမ်းနေခဲ့သော်လည်း အခြားသောသူတို့သည် မနားမနေ အချိန်နှင့်အတူ ပြေးလွှားရင်း ဘဝအတွက် ရုန်းကန်လှုပ်ရှား၍ စိတ်ဓာတ်ကောင်းကောင်းနှင့် ကြိုးစားနေကြသည်ကို ခေတ္တမျှ သတိမူ၍ကြည့်လျှင် သိနိုင်သည်။ မည်သို့သော အမှုကိစ္စပင်ဖြစ်စေ ရဲရင့်ခိုင်မာ၍ ကောင်းမွန်သန့်ရှင်းသော စိတ်ဓာတ်သည် အဓိကဖြစ်၏။ လုပ်ငန်းတစ်ခု(သို့မဟုတ်)ကိစ္စရပ်တစ်ခုတွင် လုပ်ချင်ကိုင်ချင်စိတ်၊ လေ့လာစူးစမ်းလိုစိတ်၊ သိချင်၊ တတ်ချင်စိတ်တို့၏ အရင်းခံသည် လူ၏ထူးခြားသော စိတ်ဓာတ်ကောင်းဖြစ်၏။ ထိုစိတ်ဓာတ်ဖြင့်ပင် အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်အောင် ရယူနိုင်သည်။ သို့မှသာ ရှေ့သို့ လှမ်းလျှောက်သောသူ၊ အမြင့်ဆုံးကို တက်လှမ်းရောက်ရှိနိုင်သောသူများအဖြစ် မိမိကိုယ်ကို ယုံကြည်မှုများ ရှိလာပေမည်။

တစ်ဖန် မိမိ၏အားနည်းချက်၊ အားသာချက်များကို မလိမ်မညာဘဲအမှန်အတိုင်းသိမြင်သည့် စိတ်ဓာတ်ရှိရန် လိုအပ်မည်ဖြစ်သလို အတိတ်က အမှားများကို လက်ခံရဲသော စိတ်ဓာတ်နှင့်သင်ခန်းစာယူတတ်ရန်လည်း လွန်စွာမှ အရေးကြီးသည်။ ထိုမှဆက်၍ အလုပ်တစ်ခု၏ ပထမခြေလှမ်း အစကောင်းရန်အတွက် အောင်မြင်မှုကိုသာ အမြဲတွေးတောပြီး ယုံကြည်ရန် စိတ်ဓာတ်ကောင်းနှင့်နှလုံးသွင်း ပြင်ဆင်ထားသင့်သည်။

အချုပ်အားဖြင့်ဆိုသော် လောကတွင် အရာရာကို သိခြင်း၊ တတ်ခြင်းဟူသည့် ပညာအလင်းရောင်ကို လင်းလက်တောက်ပစွာ ထွန်းညှိပြီး လူ့ဘောင်အကျိုးကို လှပသည့်နှလုံးသားဖြင့် ထမ်းပိုးနိုင်သော အသိပညာရှင်၊ အတတ်ပညာရှင် လူချွန်လူကောင်းများ ဖြစ်စေရန်အတွက် ရည်ရွယ်၍ ဆန္ဒပြုရေးသားလိုက်ရပါသည်။

## အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရှေးဟောင်းလက်လှည့်အပ်ချုပ်စက်နှင့်ကျွန်းသစ်လုံးထွင်းလှေကြီးတို့ကို ထိန်းသိမ်းထား



**အင်းတော် ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရှေးဟောင်း လက်လှည့်အပ်ချုပ်စက်နှင့် ရှေးဟောင်းကျွန်းသစ်လုံးထွင်းလှေကြီးတို့ကို ထိန်းသိမ်းထားကြောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိလာသတ္တက မြွက်ကြား၍ သိရသည်။

လက်လှည့်အပ်ချုပ်စက်သည် ယနေ့ခေတ်ကာလတွင် အသုံးပြုလျက်ရှိသော အပ်ချုပ်စက်ကဲ့သို့ ခြေနင်းခုံ တပ်ဆင်ထားခြင်းမရှိ၊ ခြေနင်းခုံနင်းလျှင်အထက်အောက် လှုပ်ရှားနိုင်သော ဝင်ရိုးမပါ၊ ဝင်ရိုးတွင် ကြိုးတပ်ဆင်ရန်ဘီးမပါ၊ အပ်ချုပ်စက်ခေါင်းဘီး လည်ပတ်နိုင်ရန် ဘီးကြိုးတပ်ဆင်ထားခြင်းမရှိ၊ စက်ခေါင်းကိုစက်ခုံတွင် တပ်ဆင်လျက် အပ်ချုပ်စက်ခေါင်းဘီးကို တစ်ဦးက လက်ဖြင့်လှည့်၍ အခြားတစ်ဦးက အဝတ်အထည်ကို ချုပ်လုပ်ရသောစနစ်ဖြစ်ကြောင်း၊ ယခုအခါ အပ်ချုပ်စက်ခေါင်းကို အပ်ချုပ်စက်ခုံနှင့်အတူတွဲလျက် ထိန်းသိမ်းထားကြောင်း သိရသည်။

ထို့ပြင် အဆိုပါကျောင်းတွင် ထိန်းသိမ်းထားသော ကျွန်းသစ်လုံးထွင်းလှေကြီးသည် အနံ ခြောက်ပေ၊ အရှည် ၃၇ တောင်ရှိကြောင်း၊ အရှည်၃၇ တောင်ရှိ၍ နေ့နံအရ 'စေတီ'လှေဟု အမည်ပေးထားပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း အဆိုပါဆရာတော်က ဆက်လက်မြွက်ကြား၍ သိရသည်။ (၁၅၀)



# သူရဲကောင်းဗိမာန်(နေပြည်တော်)ကို မိဘပြည်သူများလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်





နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် တရားသောစစ်ပွဲများကိုဆင်နွှဲရင်း မိမိတို့၏အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာပေးဆပ်ခဲ့ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသော သူရဲကောင်းဗိမာန်(နေပြည်တော်)ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ မိဘပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ လာရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။


## ဝန်ထမ်းအလိုရှိသည်

1. Accountant — အမျိုးသမီး(၃)ဦး
   ဘွဲ့ရ အသက်(၂၃)နှစ်အထက်၊ စာစီစာရိုက်ကျွမ်းကျင်ရမည်။ Microsoft Office, Excel ကျွမ်းကျင်စွာ အသုံးပြု နိုင်ရမည်။ လုပ်သက်(၃)နှစ်အထက်ရှိရမည်။ လစာကျပ်(၃၀၀၀၀၀)
2. Marketing — (၃)ဦး
   English စာအနည်းငယ်တတ်ရမည်။ လစာကျပ်(၁၅၀၀၀၀)

စိတ်ပါဝင်စားသူများ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးဆိုင်ရာ အထောက်အထား၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာများနှင့်အတူ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

***မှတ်ချက်။ ။ရုံးချိန် နံနက်(၈း၃၀)နာရီမှ ညနေ(၅း၃၀)နာရီအတွင်းသာ လာရောက်လျှောက်ထားရန်။***
***(တနင်္လာ မှ စနေအတွင်း)***

**အမှတ်-ချ(2/89)၊ လမ်း၆၀၊ လေပ်ဝါလမ်းနှင့် ဒေလီယာလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**09-440444158, 09-777444158**

## Grace Win Company Limited
## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| 1. Marketing Supervisor | Female | (1)Posts |
| 2. Sale & Marketing | Female | (3)Posts |
| 3. Store Assistant | Male/Female | (2)Posts |
| 4. Delivery | Male/Female | (3)Posts |

Cosmetic & Skin Care ဖြန့်ဖြူးရောင်းချခြင်း
လုပ်ငန်းတိုးချဲ့ရန်အတွက် အထက်ပါဝန်ထမ်းများ အလိုရှိသည်။
အထက်ပါရာထူးများအတွက် ပညာအရည်အချင်း ဘွဲ့ရဖြစ်ရမည်။
လျှောက်ထားလိုသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ (၂၇-၄-၂၀၁၇)ရက် နောက်ဆုံးထားလျှောက်ရန်။

**Grace Win Co.,Ltd.**
**No.(B-2), 33Street, Between 81-82Street.**
**Ph: 02-30730, 02-67445**

## ဝန်ထမ်းအလိုရှိသည်

- Photoshopကျွမ်းကျင်(ညှိနှိုင်းလစာ) အမျိုးသား(၁)ဦး
- အထွေထွေဝန်ထမ်း
  ဆိုင်ကယ်လိုင်စင်ရှိပြီး အသက်(၁၆)နှစ်မှ (၂၀)နှစ်အတွင်း နေ/စားတာဝန်ယူမည်။ ဆက်သွယ်ပါ။

**ယမင်းသူ့ဓာတ်ပုံတာကျေးရွာ၊ အမှတ်(၂၈၁)၊ ၈၃လမ်းနှင့် လမ်း၃၀ထောင့်။ ဖုန်း ၀၉-၄၄၄၅၅၅၂၈၁**

**ဒေါ်ရှုဗ်C Computer ဂရပ်ဖစ်ဒီဇိုင်း & အထွေထွေကြော်ငြာ**

**ဝန်ထမ်းအမြန်အလိုရှိသည်**

CorelDRAW/Photoshop – (၃)ဦး (ကျား/မ)
အခြေခံလစာ – (၁၂၀,၀၀၀)
အထွေထွေလုပ်သား – (၂)ဦး (ကျား)
အခြေခံလစာ – (၉၀,၀၀၀)

ယခု ချက်ချင်းဆက်သွယ်စေချင်ပါ။
CV Form နှင့်တကွလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
၈၂လမ်း၊ ၃၇ × ၃၈လမ်းကြား၊ တမာကုန်းဝင်း၊ မန္တလေးမြို့။ 09-256121760

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| ၁။ အကြော်ဆရာလက်ထောက် | အမျိုးသား(၂)ဦး |
| ၂။ အကင်ကျွမ်းကျင် | အမျိုးသား(၂)ဦး |
| ၃။ ဝိတ်တာကျွမ်းကျင် | အမျိုးသား(၅)ဦး |

လစာညှိနှိုင်း၊ စားစရိတ်ငြိမ်း
**ဆက်သွယ်ရန်-09-43092636**

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| ၁။ Pharmacist (B.Pharmဘွဲ့ရ) | အမျိုးသမီး(၁)ဦး |
| ၂။ Technologist (B.Med.Tech(Lab)ဘွဲ့ရ) | အမျိုးသမီး(၃)ဦး |
| ၃။ Technologist (B.Med.Tech(Imaging)ဘွဲ့ရ) | အမျိုးသမီး(၁)ဦး |
| ၄။ Engineer BE/B.Tech/AGTI(EC/EP/Mechanical) | အမျိုးသား(၁)ဦး |
| ၅။ ကွန်ပျူတာဝန်ထမ်း (B.C.Sc(သို့)အခြားဘွဲ့ရ) | အမျိုးသမီး(၁)ဦး |
| ၆။ ဆေးမှတ်တမ်းဝန်ထမ်း (ဘွဲ့ရ) | အမျိုးသမီး(၁)ဦး |
| ၇။ Receptionist (ဘွဲ့ရ) | အမျိုးသမီး(၁)ဦး |
| ၈။ Public Relation Center ဝန်ထမ်း (ဘွဲ့ရ) | အမျိုးသား/အမျိုးသမီး(၃)ဦး |

- အမှတ်စဉ်(၅)မှ(၈)ထိ လျှောက်ထားသူများ ကွန်ပျူတာတတ်ကျွမ်းရမည်။
- (၃၀-၄-၂၀၁၇)နောက်ဆုံးထားလျှောက်ရန်။

လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးမိတ္တူ၊ ဓာတ်ပုံ(၃)ပုံ၊ အိမ်ထောင်စုလူဦးရေ စာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ရာဇဝတ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့ ပူးတွဲတင်ပြရမည်။ လျှောက်ထားလိုသူများသည် ရုံးချိန်အတွင်း **စိမ်ဥာန၊ ညိမ်းဆေးရုံ၊ ၈၂လမ်း၊ ၂၉-၃၀လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၉-၆၇၇၉၁၇၅၈၀**သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်
**အမျိုးသမီး အရောင်းဝန်ထမ်းများ**

- ပညာအရည်အချင်း-ဘွဲ့ရ၊ (၁၀)တန်း
- အိမ်ထောင်မရှိသူ(အပျို)
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း

CV Formဖြင့် ၂၈-၄-၂၀၁၇ရက်နေ့ နောက်ဆုံးထား၍အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**သီရိရွှေစင်ရွှေဆိုင်**
**၈၄လမ်း၊ ၃၈-၃၉လမ်းကြား၊ မန္တလေး။**

## အမျိုးသမီးဝန်ထမ်း(၅)ဦး အလိုရှိသည်
**အဆောင်စီစဉ်ပေးမည်။**
**စိန်ကမ္ဘာချည်မျှင်စက်ရုံ**
**A4(a)၊ ၆၂လမ်း၊ သားရေနယ်လမ်း၊**
**ငွေတော်ကျိုကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**Ph: 09-6501608, 09-6808176, 02-5154824**

**ဝင်းလိုက်** အဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း - ၃၉၁၂၈၊ ၆၀၂၉၁
**မြို့မ** အဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း - ၃၉၁၃၆၊ ၃၉၁၃၇
**မင်္ဂလာမန္တလေးရွှေမြို့တော် (ဆိုင်းတန်း)** အဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း - ၆၀၂၉၂၊ ၀၉-၉၆၀၉၁၁၂၁၁၊ ၀၉-၉၆၀၉၁၁၃၁၁
**၁၇ . ၄ . ၂၀၁၇ ရက်** မြန်မာနှစ်ဆန်း (၁) ရက်နေ့ မှ စတင်၍ ပြပြီ

ကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပါပြီ





ပွဲချိန်သတိပြု – ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ



မဟာမန္တလေး ရွှေမြို့တော်ကြီး၏ ဒိုင်းမွန်းပလာဇာ (၅)လွှာတွင် Film / HD / 2D / 3D စက်သစ်ကြီးများတပ်ဆင်ထားသော Cinema - 1, Cinema - 2, Cinema - 3 ပါဝင်သည့် အဆင့်မြင့်ရုပ်ရှင်ရုံကြီးကို ဖွင့်လှစ်ပြသလိုက်ပါသည်။

**ဧပြီလ (၂၁)ရက်မှ စတင်ပြသမည့် ဇာတ်ကားများ**

**Cinema - 1** 3D
**THE FATE OF THE FURIOUS**

**Cinema - 2** 3D
**THE FATE OF THE FURIOUS**

**Cinema - 3** 3D
**GHOST IN THE SHELL**

**တစ်ပတ်စာကြိုတင်လက်မှတ်များ ဝယ်ယူနိုင်ပါပြီ**

***Mingalar Diamond Cineplex***

Phone: 09402765641, 09402765642, 09402765643

| CINEMA 1 | CINEMA 2 | CINEMA 3 |
|---|---|---|
|  |  |  |

ပွဲချိန်များ - ၁၀း၀၀နာရီ၊ ၁၂း၃၀နာရီ၊ ၃း၃၀နာရီ၊ ၆း၃၀နာရီ၊ ၉း၃၀နာရီ (၅)ပွဲပြသနေပါပြီ



# ဝန်ထမ်းအမြန်အလိုရှိသည်

မင်္ဂလာမန္တလေး Shopping Center တွင် ဖွင့်လှစ်ထားသော အဆင့်မြင့် Korea Town စားသောက်ဆိုင်အတွက် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။

1. Cashier (or) Accountant အမျိုးသမီး (၂)ဦး
   အခြေခံလစာကျပ် (၂၀၀၀၀၀+ Bonus + Tip Money နေ့လယ်စာကျွေး)
2. Waiter/ Waitress အမျိုးသား၊ အမျိုးသမီး(၁၀)ဦး
   အခြေခံလစာကျပ် (၂၀၀၀၀၀+ Tip Money + Bonus + နေ့လယ်စာကျွေး)၊ (ထမင်းတစ်နပ်ကျွေး)
3. မီးဖိုချောင်အထွေထွေနှင့် သန့်ရှင်းရေး အမျိုးသမီး (၄)ဦး
   အခြေခံလစာကျပ် (၁၅၀၀၀၀ မှ ၂၀၀၀၀၀ထိ) + နေ့စားစရိတ်ငြိမ်း

စိတ်ပါဝင်စားသူများ မိမိ Career ကို ဦးတည်ချက်ရှိစွာ တိုးတက်လိုသူများ ကြော်ငြာပါသည့်နေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်**

**ဖုန်း ၀၉-၄၃၁၅၀၄၅၄၊ ၀၉-၉၇၅၆၈၅၂၀၀၊ ၀၉-၉၇၅၆၈၅၂၀၁**



# စော်ဘွားလေးပိုလ်ပိုလ်မောင်
# ဘလိတ်စားဆူးကြိုး ကုမ္ပဏီလီမိတက်မှ

သံချေးမတက်၍ ပလာယာဖြင့် ကိုက်ဖြတ်၍မရနိုင်သော နိုင်ငံခြားဖြစ် လုံခြုံရေး(Steel)ဘလိတ်ဓါးသွားဆူးကြိုးများကို နေရာဒေသမရွေး အိမ်တိုင်ရာရောက် (100%အပြီးအစီး) လက်ခမဲ့ ဝန်ဆောင်မှုများဖြင့် တိုက်ရိုက်တပ်ဆင် ရောင်းချပေးနေပါသည်။

| | | |
|---|---|---|
| Grade-1အရောင်းဆိုင်ခန်းမ | - လမ်း(၈၀)၊ ၂၄လမ်းထောင့်မန္တလေးမြို့။ | 09-402599800 |
| မန္တလေးအရောင်းခန်းမ(၁) | - ၂၂(ဗီ)လမ်း၈၂×၈၃လမ်းကြားမန္တလေးမြို့။ | 09-259085900 |
| မန္တလေးအရောင်းခန်းမ(၂) | - ၆၂လမ်းဒေဝီယာနှင့်ဇလပ်ဝါကြားမန္တလေးမြို့။ | 09-5058188 |
| ပြင်ဦးလွင်အရောင်းခန်းမ | - ၁၃×၁၄ လမ်းကြား၊ ညဲတော၊ ပြင်ဦးလွင်မြို့။ | 09-5159060 |



**Khaing Dragon Co.,Ltd မှ**
**ဝန်ထမ်းအလိုရှိသည်**

1.Sale & Marketing
အမျိုးသမီး (၃)ဦး

2.Delivery
အမျိုးသား၊အမျိုးသမီး(၃)ဦး

(၅)ရက်အတွင်း လျှောက်ထားနိုင်သည်။

**ဖုန်း**
၀၉-၉၁၀၃၉၁၃၄၊
၀၉-၈၆၃၉၈၇၀၂၅၁



**ဝန်ထမ်းအလိုရှိသည်**

➤ သန့်ရှင်းရေး အမျိုးသမီး (၂)ဦး
- အသက်(၁၈)နှစ်နှင့် (၃၅)နှစ်အတွင်း
- ပညာအရည်အချင်း အလယ်တန်းအဆင့်ရှိသူ၊ ကျန်းမာရေးကောင်းမွန်၍ တစ်ကိုယ်ရည် သန့်ရှင်းရေးရှိရမည်။ အိမ်သန့်ရှင်းရေး အလျှော်အဖွတ်၊ မီးပူတိုက်ကျွမ်းကျင်ရမည်။
- အမှန်တကယ် အလုပ်လုပ်နိုင်သူ ဖြစ်ရမည်။ အလုပ်ချိန် နံနက် (၇း၃၀)နာရီမှ ညနေ (၆း၀၀)နာရီအထိ။ လစဉ် ပိတ်ရက် (၁)ရက်။
- လစာကျပ်(၁၃၀၀၀၀)+ ဆုကြေး။ နားရက်လုံးဝမယူပါက လစာကျပ်(၁၅၀၀၀၀)+ဆုကြေး

လျှောက်ထားလိုသူများ CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

**လိပ်စာ** ➤ **အမှတ်(စ/က)၊ အကွက်(၇၇)၊ ၁၄လမ်း၊ ၈၇-၈၈ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၀၄၈၀၈၀**


www.facebook.com/themyawadydaily

www.facebook.com/themyawadydaily

မှန်ကန်မှုဖြင့် ကျေနပ်စေရမည်။

# ဝိန့်လီ ရွှေဆိုင်

## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ် – နှစ်သစ် အချိန်အခါသမယ၌ **ဝိန့်လီ** ရွှေဆိုင် တွင် အစဉ်အမြဲဝယ်ယူအားပေးကြသော ရဟန်း၊ ရှင်လူ မိဘပြည်သူများ၊ မန္တလေးမြို့တော်သူ မြို့တော်သား အပေါင်း နှင့် အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများအားလုံး

မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ် – နှစ်သစ် မင်္ဂလာအချိန်အခါသမယမှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့် ပြည့်စုံပြီး စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း **ဝိန့်လီ** ရွှေဆိုင် မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ **ဝိန့်လီ** ရွှေဆိုင်မှ ဝယ်ပြီးပစ္စည်းများအား အလဲအထပ်လုပ်လိုလျှင် ပစ္စည်းဟောင်းများကို ရောင်းဈေးအတိုင်း တွက်ပြီးလဲပေးပါသည်။ လုံးဝဈေးမဒ္ဒါပါ။

၂။ (က) အကယ်ဒမီ အပိုင်း၊ အကယ်ဒမီပြတ်စ၊ ဆိုင်တံဆိပ်အပိုင်း၊ ဆိုင်တံဆိပ်ပြတ်စ၊ စတီလ / က / လက်စွပ်၊ အပြားလက်ကောက်၊ လက်စွပ် ဒင်္ဂါးပြားများစသည့်အကျစ်ထည်များအားလုံးပြန်ရောင်းလျှင် ရောင်းဈေး နှင့် တစ်ကျပ်သား ၃၀၀၀ / ကျပ်သာဒ္ဒါဝယ်ပါသည်။

(ခ) ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်၊ နားကပ်စသည့်ကျန်ရွှေထည်များအားလုံးပြန်ရောင်းလျှင် ရောင်းဈေး နှင့် တစ်ကျပ်သား ၅၀၀၀ / ကျပ်သာဒ္ဒါဝယ်ပါသည်။

၃။ စိန်ထည်များ ပြန်လဲလိုလျှင် စိန်ထည်တစ်ခုလုံးတန်ဖိုး၏ ၄% သာလျော့ပါသည်။ ပြန်ရောင်းလိုလျှင် စိန်ထည်တစ်ခုလုံးတန်ဖိုး၏ ၇% သာလျော့ပါသည်။

၄။ ငွေစုလိုသူများအတွက် အလျော့တွက်မရှိသော ရွှေထည်များ ရောင်းချပေးနေပါသည်။

၅။ အီတလီနိုင်ငံလုပ် ရွှေဖြူ 18 k White gold ကြိုး၊ လက်ကောက်၊ ဟန်းချိန်း၊ ဆွဲသီး၊ နားကပ်၊ နားဆွဲ ဒီဇိုင်းစုံ ဝယ်ယူရရှိနိုင်ပါပြီ။

၆။ ရွှေဖြူများလဲလျှင် 10% သာလျော့ပြီး ရောင်းလျှင် 15% သာ လျော့ပါသည်။

၇။ တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် အလျော့တွက်များကို အနည်းဆုံး နှင့် ရောင်းချပေးနေပါသည်။

ဆိုင်အမှတ် (၁) အမှတ် (၄၇၆)၊ လမ်း ၈၀၊ ၂၉ – ၃၀လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း ၀၂ – ၃၅၄၇၆
ဆိုင်အမှတ် (၂) S1+S2 ၈၄လမ်း × ၂၈လမ်းထောင့်၊ မန်းမြန်မာပလာဇာ၊ ဈေးချို၊ ဖုန်း ၀၂ – ၄၀၀၀၄၂၂

---

# ဝိန့်ဆန်း ရွှေဆိုင်

## နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ် – နှစ်သစ် အချိန်အခါသမယ၌ **ဝိန့်ဆန်း ရွှေဆိုင်** တွင် အစဉ်အမြဲဝယ်ယူအားပေးကြသော ရဟန်း၊ ရှင်လူ မိဘပြည်သူများ၊ မန္တလေးမြို့တော်သူ မြို့တော်သား အပေါင်း နှင့် အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများအားလုံး

မြန်မာသက္ကရာဇ် ၁၃၇၉ခုနှစ် – နှစ်သစ် မင်္ဂလာအချိန်အခါသမယမှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း နှင့် ပြည့်စုံပြီး စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း **ဝိန့်ဆန်း ရွှေဆိုင်** မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုမျိုးအောင် + မလှလှဝင်း – ဆိုင်အမှတ်(၁) ၈၄လမ်း × ၂၇လမ်းထောင့်၊ မန်းမြန်မာပလာဇာ၊ ဈေးချိုမြေညီထပ်၊ မန္တလေးမြို့
ဖုန်း – ၀၂ – ၆၇၃၀၅၊ ၀၂ – ၆၇၃၀၆၊ ၀၂ – ၆၇၃၀၇၊ ၀၂ – ၄၀၀၀၄၂၀
ဆိုင်အမှတ်(၂) ၂၆ လမ်း၊ ၈၃ × ၈၄လမ်းကြား၊ ဈေးချိုနာရီစင်အရှေ့ဘက်၊ မန္တလေးမြို့
ဖုန်း – ၀၂ – ၃၉၈၈၃၊ ၀၂ – ၆၉၇၀၇၊ ၀၂ – ၆၅၃၂၂၊ ၀၉ – ၃၃၀၆၄၆၈၇

---

## ဝန်ထမ်းအလိုရှိသည်

1. **Sale & Marketing Executive** — အမျိုးသမီး (၂) ဦး
   ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံ (၃) နှစ် ရှိရမည်။ ခရီးဝေး သွားနိုင်ရမည်။
2. **Sale & Marketing** — အမျိုးသမီး (၅) ဦး
   အသက် (၂၃) မှ (၃၀) နှစ်အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ် ရှိရမည်။

လျှောက်ထားလိုသူများသည် **CV Form** နှင့် အတူ မှတ်ပုံတင်မိတ္တူ၊ ဓါတ်ပုံ (၁)ပုံ ၊ ရပ်ကွက်ထောက်ခံစာ ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ (၇) ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် နံနက် (၉း၀၀) နာရီမှ ညနေ (၄း၀၀) နာရီအတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

**ရွှေမျိုးသင်းလက်ဖက်လုပ်ငန်း**
အမှတ် (414/3) ၊ ၆၃ လမ်း၊ ၃၂×၃၃ လမ်းကြား၊ မန္တလေးမြို့။
09-47110077, 09-30120390, 09-442019220

www.facebook.com/themyawadydaily

---

## ဆိုင်ခေတ္တပိတ်မည်

**ရှမ်းယဉ်ယဉ် ဆိုင်(၁)** အား

၂၃-၄-၂၀၁၇ ရက်မှ ၃-၅-၂၀၁၇ရက်အထိ ခေတ္တဆိုင်ပိတ်ပါမည်။

၄-၅-၂၀၁၇ မှ ၁၀-၄-၂၀၁၈ရက်အထိ Bottle Charge မကောက်တော့ပါ။

**အမှတ်(၁)၊ ၆၂လမ်း၊ ၃၅–၃၆လမ်းကြား၊ မန္တလေး။**
**ဖုန်း ၀၉–၂၀၀၀၄၉၄၊ ၀၉–၂၀၁၂၂၇၉၊ ၀၂–၆၂၁၄၅**

www.facebook.com/themyawadydaily

ဦးထွန်းမြတ်လူ BE; Mechanical(M.I.T)တည်ထောင်အုပ်ချုပ်သည့်...

# မြတ်ရတနာ ကိုယ်ပိုင်အထက်တန်းကျောင်း

2016 - ဘာသာစုံ ဂုဏ်ထူးရှင်များ

## ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်အတွက် သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းထိ နေ့တက် နှင့် အဆောင် စာရင်းလက်ခံသင်ကြားသည်။

**တန်းခွဲသစ်များအားလုံး 24.4.2017 နေ့တွင် စတင်သင်ကြားမည်။**







ကျောင်း အပို့ / အကြို (Ferry)ရှိသည်။

- အမှတ်(၁၃၂/၃)၊ ၁၄လမ်း၊ ၈၀ × ၈၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
- အမှတ်(၉၉)၊ ၁၅×၁၆လမ်းကြား၊ ၈၁လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ✆ 02-39527 09-258754598

---

## FARMER Fuel Station

Vacancies Announcement

**(နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူများသာ)**

၁။ တာဝန်ခံ(Filling Station)စက်သုံးဆီအရောင်းဆိုင် — အမျိုးသား(၃)ဦး
- Any Graduate၊ အသက်(၃၅)နှစ်အထက်၊ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၏ သက်ဆိုင်ရာနယ်ပယ်တွင် လုပ်သက်အနည်းဆုံး(၅)နှစ်အထက်ရှိသူ ဖြစ်ရမည်။ လစာကောင်းပေးမည်။

၂။ Senior Accountant — အမျိုးသမီး(၂)ဦး
- CPA, ACCA လက်မှတ်ရရှိပြီးသူ၊ အသက်(၃၅)နှစ်အထက်၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်အထက်၊ ကျန်းမာရေးကောင်းမွန်သူ၊ Team Work ဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။

၃။ HR Assistant — အမျိုးသမီး(၂)ဦး
- B.Com(HR), B.Econ(HR) or Any Graduate ဖြစ်ပါက HRဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရှိသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ၊ အိမ်ထောင်မရှိသူ၊ ကျန်းမာရေးကောင်းမွန်သူ၊ အချိန်မရွေး၊ ဒေသမရွေးခရီးသွားလာနိုင်သူ ဖြစ်ရမည်။

၄။ Assistant Accountant — အမျိုးသမီး(၄)ဦး
- B.Com, B.Act, Any Graduate ဖြစ်ပါက Dip in Accounting ရရှိပြီးသူ၊ အသက်(၃၀)နှစ်အောက်၊ ကျန်းမာရေးကောင်းမွန်သူ၊ Team Work ဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။

၅။ Driver — အမျိုးသား(၃)ဦး
- (၁၂)ဘီး မော်တော်ယာဉ်နှင့် (၂၂)ဘီး မော်တော်ယာဉ်မောင်းနှင်နိုင်သူ၊ လိုင်စင်(ဃ)၊ (င)ရှိသူ၊ အသက်(၅၀)နှစ်အောက်၊ ကျန်းမာရေးအထူးကောင်းမွန်ပြီး လုပ်ငန်းတွင်း စည်းကမ်းလိုက်နာနိုင်သူဖြစ်ရမည်။

၆။ Cashier — အမျိုးသား/အမျိုးသမီး(၁၀)ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊ Computer Knowledge ရှိသူ၊ အသက်(၃၀)နှစ်အောက်၊ ကျန်းမာရေးကောင်းမွန်ပြီး စည်းကမ်းလိုက်နာနိုင်သူ ဖြစ်ရမည်။

၇။ Office Staff — အမျိုးသား/အမျိုးသမီး(၁၀)ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊ အသက်(၃၀)နှစ်အောက်၊ အိမ်ထောင်မရှိသူ၊ Team Work ဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သူ၊ ကျန်းမာရေးကောင်းမွန်ပြီး စည်းကမ်းလိုက်နာနိုင်သူ ဖြစ်ရမည်။

၈။ Pump Attendant — အမျိုးသား/အမျိုးသမီး(၃၀)ဦး
- အသက်(၂၅)နှစ်အောက်၊ အထက်တန်းအဆင့် ပညာအရည်အချင်းရှိသူ၊ ကျန်းမာရေးကောင်းမွန်ပြီး စည်းကမ်းလိုက်နာနိုင်သူ ဖြစ်ရမည်။

အထက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများ အလုပ်လျှောက်ထားရန် စိတ်ပါဝင်စားပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူတို့နှင့်အတူ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**FARMER Fuel Station**

**စစ်ကိုင်း–မန္တလေးလမ်းမကြီး၊ ကန်တော်ကြီးမီးပွိုင့်တောင်ဘက်၊ တမ္ပဝတီ၊ ချမ်းမြသာစည်မြို့နယ်။**

www.facebook.com/themyawadydaily

---

# GUIDING STAR

**English Learning Centre & Education Centre**

## ဦးတင်မောင်သန်း

Dip. in English (MUFL) ; Dip. in TESOL (LTTC) UK

တက္ကသိုလ် ဝင်တန်း ဖြေဆိုပြီး ကျောင်းသူ/ သားများ နှင့် တက္ကသိုလ် ကျောင်းသူ/ သားများအတွက်

4 Skills+Grammar+Vocabulary

တန်းခွဲသစ်များ 25-5-2017 စမည်။

**အမှတ်(၂၁/၁၂)၊လမ်း၇၀၊၃၂–၃၃လမ်းကြား၊စံပယ်လမ်းသွယ်၊မန္တလေး။**

**09-2018042, 02-74443**

---

## ဝန်ထမ်းအလိုရှိသည်

**Sein Sein Gems & Jewellery Co.,Ltd**တွင် ခန့်ထားရန်

➢ Office Staff — အမျိုးသမီး(၂)ဦး

- တက္ကသိုလ်မှ ဘွဲ့တစ်ခုရထားရမည်။ LCCI Level (I &II) အောင်မြင်ပြီးသူ ဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း နောက်ဆုံးထားပြီး CV Formနှင့်အတူ ဓာတ်ပုံ(၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူနှင့်တကွ ရပ်ကွက်ထောက်ခံစာမူရင်း၊ရဲစခန်းထောက်ခံစာမူရင်းဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

**အမှတ်(၉၄)၊ ၇၄လမ်း၊ ၂၆–၂၇လမ်းကြား၊ မန္တလေးမြို့။**

**၀၂-၃၁၇၇၆၊ ၀၂-၃၄၀၀၅**

# သင်္ကြန်ကာလအတွင်း ရက်ရှည်ပိတ်ထားသည့် မန္တလေးဈေးချိုတော် ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း စတင်လည်ပတ်ပြီဖြစ်



မန္တလေး ဧပြီ ၂၀

သင်္ကြန်ကာလအတွင်း ရက်ရှည်ပိတ်ထားခဲ့သည့် မန္တလေးဈေးချိုတော်နှင့် မန်းမြန်မာပလာဇာတို့သည် ယနေ့မှစ၍ ကုန်စည်စီးဆင်းမှု ပုံမှန်အတိုင်း စတင်လည်ပတ်နေပြီဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့် သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍သိရသည်။

မန္တလေးမြို့တွင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလရက်များအတွင်း မြို့တွင်းရှိ အဆင့်မြင့်ဈေးကြီးများဖြစ်သည့် ဈေးချိုတော်၊ မန်းမြန်မာပလာဇာ၊ ကိုင်းတန်းဈေး၊ နန်းရှေ့ဈေး၊ ညောင်ပင်ဈေးနှင့် ယာယီမင်္ဂလာဈေးကြီးတို့မှာ ကုန်စည်စီးဆင်းမှုကို ယာယီရပ်နားထားကြပြီး ထိုသို့ရပ်နားထားသည့်ဈေးကြီးများထဲတွင် ရက်ကြာရှည်စွာပိတ်သိမ်းသည့်ဈေးများမှာ မန္တလေးဈေးချိုတော်နှင့် မန်းမြန်မာပလာဇာတို့သာ ဧပြီ ၁၁ရက်မှ ၁၉ရက်ထိ ဈေးဆိုင်ခန်းများအားလုံး ပိတ်သိမ်း၍ ယာယီရပ်နားထားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ကုန်းလမ်း၊ ရေကြောင်းလမ်းတို့ဖြင့် ကုန်ကြမ်း၊ အချောထည်ပစ္စည်းများ၊ အထည်အလိပ် စသည့်ကုန်ပစ္စည်းအမျိုးမျိုးကို တင်ပို့လျက်ရှိရာ မန္တလေးမြို့ရှိ ဈေးကြီးများအတွင်းသို့လည်း စာမျက်နှာ ၁၉ ကော်လံ ၄ ■

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အသင်းက ဟောင်အန်ဂယ်လိုင်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် ဧပြီ ၂၀

ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ဖလား International U-19 Tournament 2017 ပြိုင်ပွဲ၏ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်အဖြစ် မြန်မာ ယူ-၁၈ အသင်းနှင့် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းတို့ ယနေ့ညနေ ၃နာရီခွဲက ဗီယက်နမ်နိုင်ငံ နာထရန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာယူ-၁၈ အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အသင်းသည် ကစားပုံပိုမိုကောင်းမွန်ခဲ့ပြီး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပထမပိုင်း မိနစ် ၄၀တွင် မြန်မာအသင်းအတွက် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ပွဲချိန်ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်ခဲ့ရာ စာမျက်နှာ ၁၉ ကော်လံ ၄ ❖

## ထူးခြားသည့် နေ့အပူချိန်များ

၂၀-၄-၂၀၁၇

| | |
|---|---|
| ဘောလခဲ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ကလေးဝ | ၃၉ ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| မောင်တော | ၁ | အသမ | ၇၇ | လက်မ |
| မိုးကောင်း | ၁ | အသမ | ၂၆ | လက်မ |
| ဟုမ္မလင်း | သုည | အသမ | ၆၇ | လက်မ |
| ကျောက်တော် | သုည | အသမ | ၃၉ | လက်မ |
| မြစ်ကြီးနား | သုည | အသမ | ၂၇ | လက်မ |
| စစ်တွေ | သုည | အသမ | ၂၇ | လက်မ |

## မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# USS Carl Vinson အုပ်စုကြောင့် တောင်ကိုရီးယားက အမေရိကန်ကို မယုံကြည်တော့ဟု ဝေဖန်ပြောကြား

**TMK ဘာသာပြန်သည်**

မြောက်ကိုရီးယားရဲ့ ရန်စမှုတွေကိုတုံ့ပြန်ဖို့ အမေရိကန်တာဝန်ထားလိုက်ဆိုပြီး ထရန့်က စေလွှတ်လိုက်တယ်ဆိုတဲ့ လေယာဉ်တင်သင်္ဘောကြီး USS Carl Vinson ဦးဆောင်တဲ့ တိုက်သင်္ဘောအုပ်စုကြီးဟာ အချိန်တန်ပေမယ့်လဲ ရောက်မလာတဲ့အတွက် ထရန့်ရဲ့ ခေါင်းဆောင်မှုအရည်အချင်းနဲ့ စစ်ရေးဗျူဟာကို တောင်ကိုရီးယားနိုင်ငံက အကြီးအကျယ်သံသယဝင်သွားပြီး ဒီအတိုင်းဆိုရင် ဘယ်အချိန် ဘာထလုပ်မယ်မှန်းမသိရတဲ့ အိမ်နီးချင်း မြောက်ကိုရီးယားနဲ့ ရှေ့လျှောက်ဆက်ဆံဖို့ကလဲ ပိုခဲယဉ်းသွားမှာဖြစ်တယ်လို့ ဝေဖန်သံတွေ ပြင်းပြင်းထန်ထန်ထွက်နေပါတယ်။

တောင်ကိုရီးယားသမ္မတကိုလဲ အကျင့်ပျက်ခြစားမှုနဲ့ ရာထူးကနေဖြုတ်ချပြီး တရားစွဲဆိုနေပြီဖြစ်လေတော့ မေ ၉ ရက်မှာ သမ္မတသစ်ရွေးကောက်တင်မြှောက်မှာဖြစ်ပါတယ်။ သမ္မတသစ်တက်လာပြီးတဲ့နောက်မှာတော့ မြောက်ကိုရီးယားနဲ့ အမေရိကန်ပြည်ထောင်စုကို တောင်ကိုရီးယားက ဘယ်လိုဆက်ဆံသွားမလဲဆိုတာကလဲ ထရန့်ရဲ့ ပေါ်မလာဇာတ်ခင်းနေတဲ့ USS Carl Vinson အုပ်စုရဲ့ အကျိုးသက်ရောက်မှုတွေ သိသိသာသာပါရှိနေတော့မှာပါ။ စာမျက်နှာ ၁၆ ကော်လံ ၁ ❍



**အေးချမ်းသာယာဖွံ့ဖြိုးဖို့ ရတနာပုံ သတင်းစာ ဖတ်ကြစို့။**